# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက် ၂၀၂၁ ခုနှစ်၊ ဇွန် ၂၈ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၂၆၈)


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Novosibirsk မြို့ မြေအောက်ရထားစနစ်များနှင့် ဘူတာရုံများကို ကြည့်ရှုလေ့လာကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ Novosibirsk မြို့သို့ရောက်ရှိ Novosibirsk State Academic Opera and Ballet Theatre၊ Higher Military Command School နှင့် Russian Academy of Science (Siberian Branch) များသို့ သွားရောက်လေ့လာ

နေပြည်တော် ဇွန် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇွန် ၂၆ ရက် ညနေပိုင်းတွင် Republic of the Tatarstan၊ Kazan လေဆိပ်မှ Novosibirsk မြို့သို့ ထွက်ခွာကြရာ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

**ယနေ့လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်**

ဆောင်းပါး စာ ၆





**ကိုဗစ်-၁၉ စည်းကမ်းချက်ဖောက်ဖျက်မှုနှင့် ပတ်သက်၍ ဗြိတိန်ကျန်းမာရေးဝန်ကြီး ရာထူးမှ နုတ်ထွက်**

နိုင်ငံတကာသတင်း စာ ၁၃

**စက်မှုလုပ်ငန်း အရှိန်မပျက် လည်ပတ်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်**

ပြည်တွင်းသတင်း စာ ၂၄



မြန်မာ့အလင်း

# မိတ်ဝတ်မပျက်ဆက်ဆံလျက် အပြည့်အဝပါဝင်ဆောင်ရွက်နေ

၁၉၉၀ ပြည့်နှစ်ဝန်းကျင် ကမ္ဘာ့ဝါဒကြီးနှစ်ရပ်တို့၏ ပြိုင်ဆိုင်မှုဖြစ်သော စစ်အေးတိုက်ပွဲ ပြီးဆုံးသွားပြီးနောက်တွင် ကမ္ဘာ့နိုင်ငံအများအပြား စီးပွားရေးအားကောင်းမောင်းသန်ရေး ကြိုးပမ်းမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများလည်း မကြုံစဖူးရရှိခဲ့ကြသည်။ အာရှ၊ အာဖရိက၊ တောင်အမေရိကတို့မှ နိုင်ငံများစွာတို့မှာ ကမ္ဘာလုံးဆိုင်ရာ စီးပွားဖွံ့ဖြိုးမှုဖြစ်စဉ်ကြီးထဲတွင် ပါဝင်နိုင်ခဲ့ကြသည်။

တစ်ချိန်က အိပ်မောကျနေသည့် ကမ္ဘာ့လူမမာကြီးသဖွယ် ရှုမြင်ခံခဲ့ရသည့် အာရှတိုက်မှာ စီးပွားရေးအင်အားကြီး ဒေသကြီးအဖြစ် ထွက်ပေါ်လာခဲ့သည်။ ကမ္ဘာ့ပြည်ပပို့ကုန်ထုတ်လုပ်မှု၏ သုံးပုံတစ်ပုံခန့်ကို ထုတ်ပေးသည့် ဒေသ၊ ကမ္ဘာ့နိုင်ငံခြားအရန်ငွေကြေး သုံးပုံနှစ်ပုံကို ပိုင်ဆိုင်သည့် ဒေသဖြစ်သော အာရှသည် ကမ္ဘာ့စီးပွားရေး၏ အဓိကကျသော အင်ဂျင်တစ်လုံးဖြစ်လာခဲ့သလို ကမ္ဘာ့ပါဝါ၏ လားရာသည်လည်း အနောက်မှအရှေ့သို့ ရွေ့လျားလာခဲ့သည်။ အာရှဟုဆိုရာတွင် အရှေ့အာရှက အဓိကဖြစ်ပြီး တရုတ်၊ ဂျပန်နှင့် ကိုရီးယားတို့က စီးပွားရေးအင်အားကြီးမားမြင့်မားလာမှုနှင့်အတူ အနောက်နိုင်ငံတို့၏ အစဉ်အလာအရ လွှမ်းမိုးထားမှုများကို ကျော်ဖြတ်နိုင်ခဲ့ကြသည်။ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့စီးပွားရေး အင်အားအကြီးမားဆုံးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံကိုပင် အမီလိုက်လာသလို သိပ္ပံနှင့် နည်းပညာနယ်ပယ်တွင်လည်း အချို့နည်းပညာများ၌ အမေရိကန်ကို ကျော်လွန်သွားခဲ့သည်ကို တွေ့ရသည်။

ယင်းသို့သော အခြေအနေများက ကမ္ဘာ့နံပါတ်တစ်နိုင်ငံအဖို့ စစ်အေးခေတ်ပြီးကာလတွင် နောက်ထပ်ယှဉ်ပြိုင်လာမှုတစ်ခု ပေါ်ပေါက်လာသည့်သဖွယ်ဖြစ်ပြီး ဒေသတွင်း ဩဇာလွှမ်းမိုးထားနိုင်မှုအပေါ်တွင်ပါ ခြိမ်းခြောက်လာသည့်အခြေအနေမျိုးလည်း ဖြစ်သည်။ လက်ရှိအခြေအနေတွင် ကမ္ဘာ့အာရုံစူးစိုက်ရာဒေသသည် အင်ဒိုပစိဖိတ်ရပ်ဝန်းပင်ဖြစ်ပြီး ကမ္ဘာ့အင်အားကြီးတို့၏ အားပြိုင်မှုများကိုလည်း အဆိုပါရပ်ဝန်း၌ပင် တွေ့မြင်ရမည်ဖြစ်သည်။ ရှည်လျားသည့် ကမ်းရိုးတန်းများကို ပိုင်ဆိုင်ပြီး အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတို့၏ ပေါင်းကူးနေရာတွင် တည်ရှိနေသည့် မြန်မာနိုင်ငံ၏ ပထဝီအနေအထားမှာ အင်ဒိုပစိဖိတ်မဟာဗျူဟာတွင် အချက်အချာကျသည့်နေရာ၌ တည်ရှိနေသည်။ မျက်မှောက်ကာလ နိုင်ငံတကာအခြေအနေများဖြစ်သည့် ဒေသတွင်းအုပ်စုဖွဲ့မှုများ၊ စစ်ရေးချဲ့ထွင်မှုများ၊ အင်အားကြီးနိုင်ငံများ၏ မဟာဗျူဟာနှင့် စီးပွားရေးပြိုင်ဆိုင်မှုများ၊ အမျိုးသားအကျိုးစီးပွားအပြိုင်အဆိုင် ဖော်ဆောင်မှုများ၊ လက်နက်အပြိုင်တပ်ဆင်မှုများက ပဋိပက္ခများဆီသို့ ဦးတည်သွားနိုင်သည့်အခြေအနေမျိုးဖြစ်သည်။ ဒေသတွင်း တည်ငြိမ်အေးချမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်မှာ ပဋိပက္ခများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ၊ အင်အားပြမှုများကို ရှောင်ရှားကာ ယုံကြည်မှုတည်ဆောက်ရေး တိုးမြှင့်ဆောင်ရွက်ခြင်း၊ စစ်ရေးမဟုတ်သော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်းတို့ ပြုလုပ်သွားရန် လိုအပ်သည်ဟု မြန်မာနိုင်ငံအနေဖြင့် ရှုမြင်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်နှင့်အညီ ကမ္ဘာ့နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိပြီး နိုင်ငံတကာရေးရာများနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အပြည့်အဝ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် မိမိတို့၏ ပြည်တွင်းနိုင်ငံရေးကို တည်ငြိမ်အေးချမ်းမှု ရရှိစေရန် ကြိုးပမ်းလျက်ရှိပြီး ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်ကို မှန်မှန်ကန်ကန်၊ ပီပီပြင်ပြင်ဖြစ်စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မုဒုံမြို့နယ် ယဉ်ကျေးလိမ္မာသင်တန်း (အငယ်တန်း) ဖွင့်ပွဲ တက်ရောက်

**မုဒုံ ဇွန် ၂၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ ကြီးမှူးကျင်းပသည့် ယဉ်ကျေးလိမ္မာသင်တန်း (အငယ်တန်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ကန်ကြီးဓမ္မရာဇိန်ကျောင်းတိုက်၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ မုဒုံမြို့နယ် တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။



အခမ်းအနားတွင် မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း၏ဩဝါဒဆရာတော် ဓမ္မဂုဏ်ရည်ကျောက်ဝိုင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မသေနထံမှ ငါးပါးသီလခံယူ ဆောက်တည်တော်မူကြပြီး မုဒုံမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက ဖြည့်စွက်၍ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးကို မြန်မာသက္ကရာဇ် ၁၂၆၈ ခုကဆုန်လပြည့်ကျော် ၄ ရက်နေ့ ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါကြောင်း၊ အသင်း၏ ဆောင်ပုဒ်မှာ အမျိုးဘာသာ၊ သာသနာ၊ ပညာဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဦးတည်ချက် (၄) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုရေးဦးတည်ချက် (၃) ရပ်မှ ပထမအချက်ဖြစ်သည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို ချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ တိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကူညီသည့်စိတ်၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးထားထိန်းသိမ်းသည့်စိတ်၊ အမျိုးအနွယ်ကို စောင့်ထိန်းသည့်စိတ်၊ နိုင်ငံတော်နှင့် အမျိုးဘာသာသာသနာကို စောင့်ထိန်းလိုသည့် စိတ်၊ မိမိနိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးနိုင်ရန် လူငယ်များတာဝန်ရှိပါကြောင်းစသည်ဖြင့် လျှောက်ထားသည်။

ဆက်လက်၍ ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို နေရာရှစ်နေရာတွင် သင်တန်းနည်းပြ ဆရာ၊ ဆရာမ ၄၀ က သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၅၀ တို့ဖြင့် ခုနစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အလားတူ ယနေ့တွင် ယဉ်ကျေးလိမ္မာသင်တန်းများကို မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ် တို့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေးဟောင်းသမိုင်းဝင် Novosibirsk State Academic Opera and Ballet Theatre ၌ ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်အတွက် အသက်စွန့်လွှတ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် သူရဲကောင်းဆုတံဆိပ်ရရှိသူများကို ဂုဏ်ပြုထားသည့် သူရဲကောင်းရုပ်တုများအား ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုစဉ်။

** ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Novosibirsk မြို့၊ Tolmachevo လေဆိပ်သို့ ရောက်ရှိကြရာ Siberian ဒေသ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Petuhov Yuri Frogravich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် Novosibirsk မြို့၊ Metro စနစ်တွင် ဘူတာရုံ ၁၃ ခုရှိသည့်အနက် တစ်ခုအပါအဝင်ဖြစ်သော ၁၉၉၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် Polschad Marksa ဘူတာသို့ ရောက်ရှိကြပြီး ၎င်းဘူတာမှ Lenin Square ဘူတာအထိ မြေအောက်ရထား စီးနင်းလိုက်ပါခဲ့၍ မြေအောက်ရထားစနစ်များ၊ ဘူတာရုံများအား ကြည့်ရှုလေ့လာကြသည်။

### ကမ္ဘာ့အကြီးဆုံး ပြဇာတ်ရုံ

ယင်းနောက် ခေတ္တတည်းခိုမည့် Marriott Hotel အနီးရှိ ရှေးဟောင်းသမိုင်းဝင် Novosibirsk State Academic Opera and Ballet Theatre သို့ ရောက်ရှိလေ့လာကြရာ ပြဇာတ်ရုံ အုပ်ချုပ်ရေးအဖွဲ့အကြံပေး Mr. Vroskly Valen Arkagievich က ပြဇာတ်ရုံကို ၁၉၃၁ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၄၅ ခုနှစ် မေ ၁၂ ရက်တွင် ဖွင့်ပွဲပြုလုပ်ခဲ့သည့် အခြေအနေများ၊ ၁၉၄၁ ခုနှစ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားခဲ့သော်လည်း ဒုတိယကမ္ဘာစစ် ဖြစ်ပွားနေသည့်အတွက် ၁၉၄၅ ခုနှစ် မေ ၉ ရက် စစ်ကြီးပြီးဆုံးသည့် နောက်ပိုင်းတွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ပြဇာတ်ရုံများအနက်တစ်ခုဖြစ်ကာ ရုရှားနိုင်ငံတွင် အကြီးဆုံးဖြစ်သည့် အခြေအနေများနှင့် ပြဇာတ်ရုံဆိုင်ရာ အချက်အလက်များအား လိုက်လံရှင်းလင်းပြသခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် Higher Military Command School သို့ သွားရောက် လေ့လာကြည့်ရှုကြရာ ကျောင်းအုပ်ကြီး Colonel Markochin Segeri Gregorivich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်အတွက် အသက်စွန့်လွှတ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် သူရဲကောင်းဆုတံဆိပ် ရရှိသူများကို ဂုဏ်ပြုထားသည့် သူရဲကောင်းရုပ်တုများအား ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုပြီး လေ့လာကြည့်ရှုကြသည်။

### လိုက်လံကြည့်ရှုလေ့လာ

ထို့နောက် ကျောင်းခန်းမတွင် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးပြီး ကျောင်းအုပ်ကြီးက ကျောင်းသမိုင်းအကျဉ်းနှင့် ကျောင်းမှ သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များ၊ ပြည်ပမှသင်တန်းသားများ လာရောက်သင်ကြားနေမှုကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းအတွင်းလှည့်လည်၍ စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးနှင့် လုံခြုံရေးပင်မစာသင်ဆောင်၊ ကျောင်းပြခန်းများ၊ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပစ္စည်းများ၊ နိုင်ငံတကာမှစစ်ဘက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းပြခန်းများ၊ သင်တန်းသားများကိုယ်တိုင် တီထွင်ထားရှိသည့် ကင်းထောက်ခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ ရေငုပ်သင်ခန်းစာ သင်ကြားမှု သင်တန်းခန်းမနှင့် လက်နက်ငယ်ပစ်ခတ်မှု Simulator ခန်းမတို့ရှိ သင်တန်းသား များ လေ့ကျင့်နေမှုတို့ကို လိုက်လံကြည့်ရှုလေ့လာ ကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ လက်နက်ငယ်ပစ်ခတ်မှု Simulator ခန်းမသို့ ရောက်ရှိစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အမျိုးသမီးအရာရှိများသည် ကိုယ်တိုင်လက်တွေ့ စမ်းသပ်ပစ်ခတ်ခဲ့ကြသည်။

ထို့ပြင် သင်တန်းတက်ရောက်လျက်ရှိကြသည့် နိုင်ငံအသီးသီးမှ ထူးချွန်သင်တန်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြားပြီး အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကြသည်။

### လက်တွေ့ရှင်းလင်းပစ်ခတ်ပြသ

ဆက်လက်၍ Higher Military Command School အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး လက်တွေ့ပစ်ခတ်မှု စက်ပစ်ကွင်းသို့ ရောက်ရှိ လေ့လာကြည့်ရှုကြသည်။ ထိုသို့လေ့လာစဉ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများက လက်နက်ငယ်နှင့် စနိုက်ပါ အမျိုးအစားမျိုးစုံတို့ကို လက်တွေ့ရှင်းလင်း ပစ်ခတ်ပြသခြင်းများ ပြုလုပ်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အမျိုးသမီးအရာရှိများသည် ကိုယ်တိုင်ပါဝင် လက်တွေ့စမ်းသပ် ပစ်ခတ်ကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတကာမှ စစ်ဘက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းပြခန်းအား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းတက်ရောက်လျက်ရှိကြသည့် နိုင်ငံအသီးသီးမှ ထူးချွန်သင်တန်းသားများနှင့် စုပေါင်းဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကျောင်းအုပ်ကြီးတို့သည် ကျောင်းခန်းမတွင် အပြန်အလှန်ဆွေးနွေးကြပြီး အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

### သင်ကြားလေ့ကျင့်ပေးလျက်ရှိ

Novosibirsk Academgorodok ဒေသတွင်ရှိသော Novosibirsk Higher Military Command School ကို ၁၉၇၆ ခုနှစ်တွင် Novosibirsk Higher Military Political School–NVVPOU အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဆိုဗီယက်ပြည်ထောင်စု သိပ္ပံအကယ်ဒမီ၏ ရူပဗေဒနှင့် သင်္ချာပညာရပ်များကို အခြေခံသင်ကြားပေးသည့် ဆိုက်ဘေးရီးယားဌာနခွဲဖြစ်ကြောင်း၊ ၁၉၈၀ ပြည့်နှစ်ကာလများတွင် နိုင်ငံအတွင်း အကြီးမားဆုံးသော စစ်ဘက်ဆိုင်ရာ ပညာရေးအဖွဲ့အစည်းဖြစ်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ အကယ်ဒမီဌာနခွဲ တစ်ခုဖြစ်လာခဲ့ကြောင်း၊ သင်တန်းသားများကို တိုက်ပွဲဝင်အသင့်ဖြစ်စေရန် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ၊ တပ်ရင်း၊ တပ်ဖွဲ့များအတွက် အုပ်ချုပ်ထောက်ပံ့မှု၊ စစ်ဆင်ရေး စီမံခန့်ခွဲမှု၊ လက်နက်အမျိုးမျိုး ပစ်ခတ်လေ့ကျင့်မှုနှင့် စစ်သုံးယာဉ်များ မောင်းနှင်ရေး သင်ခန်းစာများကို သင်ကြားပေးလျက်ရှိသည့်အပြင် လေကြောင်းချီလေ့ကျင့်မှုများ၊ တောင်ပေါ် ချီတက်လေ့ကျင့်မှုများ၊ လေထီးခုန်ခြင်း၊ မြေပြင်နှင့် ရေအောက်တွင် တိတ်ဆိတ်စွာ ချီတက် တိုက်ခိုက်ခြင်းသင်ခန်းစာများကို ကျွမ်းကျင်ပိုင်နိုင်စေရန် သင်ကြားလေ့ကျင့် ပေးလျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အဆိုပါ တက္ကသိုလ်သည် သင်ကြားရေးနှင့် စီမံခန့်ခွဲမှုအပိုင်းတွင် တက္ကသိုလ်ကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် လွတ်လပ်စွာ စီမံဆောင်ရွက်ခွင့်ရရှိခဲ့ပြီး Novosibirsk Higher Military Command School ဟု လူသိများလာခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Russian Academy of Science (Siberian Branch) သို့ ရောက်ရှိလေ့လာကြရာ Vice–Chairman, Academician Dr. Vasily M. FOMIN ဦးဆောင်သော သိပ္ပံပညာရှင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အစည်းအဝေးခန်းမတွင် သိပ္ပံနှင့် နည်းပညာရပ်ဆိုင်ရာများ၊ သုတေသန လုပ်ငန်းများနှင့် အခြားပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် ကျွမ်းကျင်ပညာရှင်များ ပေါ်ထွက်လာရေး သင်ကြားပို့ချပေးနေမှု အခြေအနေများနှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် ရုရှားသိပ္ပံအကယ်ဒမီတို့အကြား သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးတွဲသုတေသနပြုလုပ်ရေးနှင့် သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ရှင်းလင်းမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး ရုရှားနိုင်ငံတွင် ပညာသင်ယူခဲ့သည့် Doctor of Science ဘွဲ့ရရှိထားသူများ၊ Ph.D ဘွဲ့ရရှိထားသူများနှင့် ရုရှားစစ်ဘက်ဆိုင်ရာအင်ဂျင်နီယာ ဗိုလ်လောင်းသင်တန်းကျောင်းဆင်းအရာရှိများကို မိတ်ဆက်ပေးသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဘာသာရပ်အလိုက် သုတေသနတွေ့ရှိချက် ဆိုင်ရာပြခန်းများ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ အသုံးချသင်္ချာနှင့် သတင်းအချက်အလက် နည်းပညာဘာသာရပ်၊ ဇီဝဗေဒ၊ Nano နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုများ၊ ဘူမိဗေဒဆိုင်ရာ ဖော်ထုတ်တွေ့ရှိချက်များ၊ ခေတ်အလိုက် ရုရှားသိပ္ပံပညာရှင်များ ရေးသားပြုစုခဲ့သည့် သိပ္ပံပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို Vice–Chairman, Academician Dr. Vasily M. FOMIN ဦးဆောင်သော သိပ္ပံပညာရှင်များနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြသည်။ ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Higher Military Command School အတွင်း လက်တွေ့ပစ်ခတ်မှု စက်ပစ်ကွင်း၌ ကိုယ်တိုင်ပါဝင်လက်တွေ့စမ်းသပ်ပစ်ခတ်စဉ်။

### အမှတ်တရစုပေါင်းဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး Academician Dr. Vasily M. FOMIN နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တပ်မ ၄၁ ယာယီတပ်မမှူး Col Perepelisa Vladimir Angrevich နှင့် Novosibirsk ဒုတိယမြို့တော်ဝန်တို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။ နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း Novosibirsk တပ်နယ်ကိုယ်စားပြုတေးဂီတနှင့် အနုပညာရှင်အဖွဲ့က ရိုးရာတေးသီချင်း၊ အကအလှများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





Higher Military Command School အတွင်း အမျိုးသမီးအရာရှိများက စနိုက်ပါ အမျိုးအစား မျိုးစုံတို့ကို လက်တွေ့ရှင်းလင်းပစ်ခတ် ပြသခြင်းများ ပြုလုပ်စဉ်။

## သတင်းမှားများကို သွေးထိုးလှုံ့ဆော်မှုများ မပြုလုပ်ရန်လို

နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် နိုင်ငံရေးဆောင်ရွက်သူများ၊ မီဒီယာများအနေဖြင့် သတင်းမှားများကို သွေးထိုးလှုံ့ဆော်မှုများ မပြုလုပ်ရန်လိုကြောင်း၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် လိုအပ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**နေပြည်တော် ဇွန် ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Novosibirsk မြို့၊ Tolmachevo လေဆိပ်မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ Siberian ဒေသ ဒုတိယ အုပ်ချုပ်ရေးမှူး Mr. Petuhov Yuri Frogravich၊ Higher Military Command School ကျောင်းအုပ်ကြီး၊ တပ်မ ၄၁ ယာယီတပ်မမှူးနှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ ဦးဇော်လင်းဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

### ပြန်လည်လိုက်ပါလာ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့် မြန်မာ့တပ်မတော်မှ ထူးချွန်ဆုရ အရာရှိများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

### ဆွေးနွေးဆောင်ရွက်နိုင်

ခရီးစဉ်အတွင်း (၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ (MCIS–2021)သို့ ပါဝင်တက်ရောက်ဆွေးနွေးခြင်း၊ စစ်ဘက်၊ အရပ်ဘက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက် လေ့လာခဲ့ကြပြီး နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သုတေသနလုပ်ငန်း ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍတို့တွင် ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာစံတော်ချိန် ယနေ့ည ၁၁ နာရီခန့်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ် ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay A.Listopadov နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## ပြည်မြို့၌ ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ

**ပြည် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အောင်မြင်ဗာဟုကြိုးပြင်ကာကွယ်ရေးတော၌ ယမန်နေ့က ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပရာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ပြည်) မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ ၄၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်ပင်စိုက်ပွဲတော်တွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ပြည်) မှ ဒေသကွပ်ကဲရေးမှူးနှင့် ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်ပြီး ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများထံ ပျိုးပင်များ ပေးအပ်ကာ စိန်ပန်းပင် ၅၀၊ မယ်ဇယ်ပင် ၆၀၊ မန်ကျည်းရှား အပင် ၁၀၀၊ ပိတောက်ပင် ၈၀၊ မဲဇလီပင် ၃၀၊ အော်ရီးရှား ပင် ၄၀၊ ကျွန်းပင် ၅၀ နှင့် မဟော်ဂနီ ၁၀ ပင် တို့ကို စုပေါင်း စိုက်ပျိုးကြကြောင်း ခရိုင်သစ်တောဦးစီးဌာနမှ သိရသည်။ **ကိုဆက် (ပြန်/ဆက်)**

# ယနေ့လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်

လွန်းပိုးအိမ်

လောကတွင် အကောင်းနှင့်အဆိုး အလင်းနှင့်အမှောင် ဒွန်တွဲလျက်ရှိပေသည်။ လူငယ်များဘဝကို တိုးတက်ဖွံ့ဖြိုးစေမည့် နည်းပညာများ ထွန်းကားလာသလို အမှောင်ထု ချောက်ကမ်းပါးထဲ ဆွဲချမည့် အဖျက်အန္တရာယ် မူးယစ်ဆေးဝါးများသည်လည်း လူငယ်ထုလက်ထဲသို့ ရောက်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့သော ဆွဲဆောင်မှုအမျိုးမျိုးဖြင့် လူငယ်ထုတစ်ရပ်လုံးကို လမ်းမှားရောက်စေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို သတိရှိစွာဖြင့် ကာကွယ်တိုက်ဖျက်ရန်မှာ လူသားအားလုံး၏ အဓိကတာဝန်ပင် ဖြစ်သည်။



၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အဖြစ် ရန်ကုန်မြို့၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးနေစဉ်။

**မူးယစ်ဆေးဝါးအန္တရာယ်ကို နားလည်သင့်**

လူငယ်များအနေဖြင့် မိမိတို့အပေါ် နည်းမျိုးစုံဖြင့် လွှမ်းမိုးဖျက်ဆီးလျက်ရှိသည့် မူးယစ်ဆေးဝါးများ၏အကြောင်းကို သိရှိနားလည်နိုင်စေရန်၊ မူးယစ်ဆေးဝါးအန္တရာယ်ကို မည်သို့ ကာကွယ်တိုက်ဖျက်ရမည်ကို သိရှိရုံသာမက သတိပြု နားလည်နိုင်ရန်နှင့် မူးယစ်ဆေးဝါး၏ သားကောင်ဖြစ်နေသည့် လူငယ်များကို မည်ကဲ့သို့ လမ်းမှန်ပေါ်ပြန်လည်ခေါ်ဆောင်၍ရမည်ကို သဘောပေါက်စေရန် လိုအပ်သည်။

ကမ္ဘာ့နိုင်ငံများကို ပြန်ကြည့်လျှင် နိုင်ငံတိုင်းလိုလိုသည် မိမိ၏ အနာဂတ် လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးသာယာစေရန်အတွက် Social Capital ဟုခေါ်သည့် လူမှုအရင်းအနှီးများ၊ Intellectual Capital ဟုခေါ်သည့် ဉာဏအရင်းအနှီးများ အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံကြရာတွင် မျိုးဆက်သစ်လူငယ်များကို ပိုမိုပျိုးထောင်လာခဲ့ကြသည်ကို တွေ့ရသည်။ မိမိတို့နိုင်ငံတော်၏ အနာဂတ် လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက် သာယာလှပအောင် လူငယ်များ၏ စွမ်းပကားကို တိုးမြှင့်ကြရပေမည်။ လူငယ်များ၏ စွမ်းပကားကို မြှင့်တင်ပေးရန်ဆိုလျှင် နိုင်ငံတော်အစိုးရတစ်ခုတည်းက ဆောင်ရွက်ပေးရုံဖြင့် မလုံလောက်ဘဲ လူ့အဖွဲ့အစည်းအသီးသီး၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူအသီးသီးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရပေမည်။

လူငယ်များကို အသက်ဆုံးရှုံးစေသည်အထိ အဓိက ခြိမ်းခြောက်လျက်ရှိသည်မှာ မူးယစ်ဆေးဝါးပင်ဖြစ်သည်။ လူသားများ၏ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက် ခြိမ်းခြောက်လျက်ရှိသော အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို ကြိုတင်ကာကွယ်ရန်နှင့် ထိရောက်စွာ တိုက်ဖျက်နှိမ်နင်းနိုင်ရန် အလွန် လိုအပ်ပါသည်။ တရားမဝင် မူးယစ်ဆေး၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ အရက်၊ ဘီယာနှင့် ဆေးလိပ်တို့ကို စွဲလမ်းခြင်းအန္တရာယ်မှ ကင်းဝေးစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများကို ပိုမိုသိရှိ နားလည်လာစေရန် အသိပညာပေး ဆောင်ရွက်ခြင်းအားဖြင့် မူးယစ်ဆေးဝါးနှင့် နောက်ဆက်တွဲ ဆိုးရွားလှသည့် အန္တရာယ်များကို လူသားများ ကိုယ်တိုင်ကိုယ်ကျ နားလည်သဘောပေါက်မှသာ ရှောင်ရှားနိုင်ကြမည်ဖြစ်သည်။

**မူးယစ်ဆေးဝါး၏ သမိုင်းကြောင်း**

မူးယစ်ဆေးဝါးသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးသော ဆေးဝါးတစ်မျိုးဖြစ်သည်။ ယခင်က မူးယစ်ဆေးဝါးကို အပင်များမှရရှိပြီး ဘယဆေးတစ်မျိုးအဖြစ် အသုံးပြုခဲ့ကြသည်။ ဘိန်းပင်၊ ကုက္ကားပင်၊ ဆေးခြောက်ပင်တို့ကို မူးယစ်ဆေးဝါးဟု ခေါ်ပါသည်။ ဘိန်းပင်နှင့် ဆေး ခြောက်ပင်တို့သည် ထင်ရှားသည့် မူးယစ်အနွယ်ဝင် အပင်များဖြစ်ကြသည်။ ခေတ်အဆက်ဆက် ပြောင်းလဲလာသော အခြေအနေများအရ မူးယစ်ဆေးနှင့် မူးယစ်စေတတ်သောအရာများ၊ အပင်ထွက်ပစ္စည်းများကို သုံးစွဲရုံသာမကဘဲ လူတို့ကိုယ်တိုင် တီထွင်အသုံးပြုလာခဲ့ကြသည်။ ဆေးအဖြစ်သာမက စွဲလမ်းစေသည့် ဖျော်ဖြေရေးပစ္စည်း၊ ထိုမှုမက လူတို့ကို လွှမ်းမိုးချုပ်ကိုင်လာသော သေမင်းတမန်အဖြစ် အဆင့်ဆင့် ပြောင်းလဲသုံးစွဲလာခဲ့ရာမှ ယခုအခါတွင် မူးယစ်ဆေးဝါးသည် လူသားများအကြားတွင် စွဲလမ်းစေတတ်သော ကြောက်မက်ဖွယ်ရာ တစ်ခုအဖြစ် တည်ရှိနေပြီဖြစ်သည်။

လူသည် စူးစမ်းတတ်သော သတ္တဝါတစ်မျိုးဖြစ်ပြီး ထိုစူးစမ်းစိတ်ကြောင့်ပင် ယနေ့ ကမ္ဘာကို ပုံဖော်ပြောင်းလဲနိုင်ခဲ့ခြင်း ဖြစ်သည်။ စူးစမ်းလိုစိတ်သည် လူကို ကောင်းကျိုးပြုသလို ဆိုးကျိုးလည်းပြုနိုင်ပေသည်။ အထူးသဖြင့် အန္တရာယ်ရှိသော မူးယစ်ဆေးဝါးသည် စူးစမ်းမိသည့်လူကို ချုပ်နှောင်ဖမ်းစားရင်း မပြန်လမ်းသို့ ဆွဲခေါ်သွားနိုင်သောအရာဖြစ်သည်။ လူသားများအနေဖြင့် မူးယစ်ဆေးဝါးကို သူငယ်ချင်းအပေါင်းအသင်း၏ ဆွဲဆောင်မှုကို မလွန်ဆန်နိုင်ခြင်း၊ မိသားစုအိမ်တွင်းရေး မပြေလည်ခြင်း၊ လူမှုရေးပြဿနာရှိနေခြင်းနှင့် မူးယစ်ဆေးဝါး၏အန္တရာယ်အကြောင်း ဗဟုသုတနည်းပါးခြင်း စသည်တို့ကြောင့် သုံးစွဲမိသည်ဟုဆိုသော်လည်း မိမိ၏စိတ်ကြောင့်သာ ပျက်စီးခြင်းကို ရောက်ကြခြင်းဖြစ်သည်။ မိမိကိုယ်တိုင်ဖျက်မှ ပျက်စီးခြင်းဖြစ်၍ ဘယ်သူမပြု မိမိမှုသာ ဖြစ်သည်။

လူသားများအကြားတွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်း မြင့်တက်လာသည်နှင့်အမျှ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်လာပြီး ရာဇဝတ်မှုခင်းများ များပြားလာသည့် မှုခင်းသံသရာကို ဖြစ်ပေါ်စေသည်။

**မူးယစ်ဆေးဝါး အန္တရာယ်များ**

ယနေ့အချိန်တွင် နိုင်ငံ၏မျိုးဆက်သစ် လူငယ်များကို လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန် တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းကြရန် အလွန်ပင် အရေးကြီးပါသည်။ လူ့အဖွဲ့ အစည်းတစ်ရပ်လုံးကို ဖြည်းဖြည်းချင်း ဝါးမျိုပြီး လူငယ်များကို အညွန့်ချိုးနေသည့်၊ နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အနာဂတ်ကို ဖြည်းဖြည်းချင်း နင်းချေပစ်နေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူနှင့်အတူ စုပေါင်းပြီး နှိမ်နင်းကြရန်လည်း အထူးလိုအပ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် တစ်နိုင်ငံတည်း ဆောင်ရွက်၍ မရသည့်အတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများကို တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီးက ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်လုပ်ဆောင်နိုင်ရန်လည်း အရေးကြီးသည်။

မူးယစ်ဆေးသည် သုံးစွဲမိသူကို စွဲလမ်းစေတတ်သည်။ သုံးနေစဉ်ကာလအတွင်း စိတ်ခံတတ်တက်ကြွခြင်း၊ အလွန်အမင်း လန်းဆန်းခြင်း၊ စိတ်ကူးကွန့်မြူးလွယ်ခြင်းနှင့် လွတ်လပ်ပေါ့ပါးခြင်း စသည့် ခံစားမှုများ ဖြစ်ပေါ်စေသဖြင့် သုံးစွဲသူများ စွဲလမ်းနှစ်ခြိုက်နေခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးသည် ဦးနှောက်ကို မူးယစ်ထုံထိုင်းသွားစေပြီး စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ နှစ်မျိုးစလုံးကို စွဲလမ်းမှုဖြစ်စေသည်။

ယနေ့ ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးအန္တရာယ်ကို ကမ္ဘာ့နိုင်ငံတိုင်းလိုလို ရင်ဆိုင်နေရသည်။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးက “Problem of Drug and Drug Problem of People” ဟူ၍ ဆောင်ပုဒ်ထားရှိပြီး မူးယစ်ဆေးဝါးသည် လူသားတစ်မျိုးနွယ်လုံး ရင်ဆိုင်နေရသည့် ပြဿနာဖြစ်သည်ဟု ဖွင့်ဆိုခဲ့သည်။ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများပါမကျန် မူးယစ်ဆေးသည် ဘုံရန်သူအဖြစ် တိုက်ထုတ်နေရသည့်အရာလည်းဖြစ်သည်။ မူးယစ်ဆေးဝါးကို အချို့သောနိုင်ငံများက ပြတ်ပြတ်သားသားတိုက်ထုတ်နေသလို အချို့နိုင်ငံများကလည်း ကာကွယ်တုံ့ပြန်နည်းဖြင့် ရင်ဆိုင်နေကြရသည်။ ပြုပြင်ထုတ်လုပ်ထားသည့် ဆေးဝါးများပါသည့်အတွက် ဥပဒေကို ပြောင်းလဲပြဋ္ဌာန်းရခြင်းဖြစ်သည်။

**ဘိန်း၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးပြား**

မူးယစ်ဆေးကို အပိုင်းသုံးပိုင်းခွဲမည်ဆိုပါက ဘိန်း၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားတို့ဖြစ်သည်။ ယနေ့ကာလတွင် စိတ်ကြွဆေးပြားသည် လူသားများကြားထဲသို့ ပိုမိုပျံ့နှံ့ ဝင်ရောက်လျက်ရှိပြီး အထူးသဖြင့် ကျောင်းသားလူငယ်များကြားထဲသို့ပါ စိမ့်ဝင်လျက်ရှိသည်ကို

*စာမျက်နှာ ၇ သို့*

**မူးယစ်ဆေးဝါး ကင်းစင်ရေးသည် တစ်နိုင်ငံလုံး၏ အရေးသာမက ကမ္ဘာ့လူသားအားလုံး၏ အရေးဖြစ်ရာ နိုင်ငံသားတိုင်းက ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ သို့မှသာ လူသားများ၏ ဘဝ သစ်လွင်၍ နိုင်ငံကို အလှဆင်နိုင်မည်ဖြစ်သည်။ လူ့ဘောင်တစ်ခုလုံးကို ပျက်ပြုန်းစေနိုင်သော မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံသားတိုင်း ကမ္ဘာသူ ကမ္ဘာသားတိုင်းက စုပေါင်းလက်တွဲ တွန်းလှန်တိုက်ဖျက်သင့်ပါသည်။**

*စာမျက်နှာ ၆ မှ*

တွေ့ရသည်။ ကမ္ဘာပေါ်တွင်လည်း မူးယစ်ဆေးဝါးသုံးစွဲသည့် အသက်အရွယ်သည် ၉ နှစ်အရွယ်မှ စတင်ကြောင်း ကောက်ယူရရှိသည့် စစ်တမ်းများအရ သိရှိရသည်။ မြန်မာနိုင်ငံတွင်လည်း မူးယစ်ဆေးဖြတ်သူများကို စာရင်းကောက်ယူသည့်အခါ အသက် ၂၀ မှ ၃၉ နှစ်ကြားတွင် ရှိကြောင်း သိရှိရသဖြင့် မည်သည့်အရွယ်တွင် ဆေးစတင်သုံးစွဲသည် ဆိုသည်ကို ခန့်မှန်းသိရှိနိုင်မည်ဖြစ်သည်။

ဘိန်း၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားတို့ကို လက်လှမ်းမမီသည့် လူငယ်များကမူ ကော်ရှူခြင်း၊ ဓာတ်ဆီရှူခြင်း စသည့် နည်းလမ်းများမှ တစ်ဆင့်လည်း မူးယစ်ဆေးအရသာကို ရှာဖွေခံစားတတ်ကြသည်။ ထို့ကြောင့် မူးယစ်ဆေးသည် လက်လှမ်းမီသုံးစွဲနိုင်သည့် လူငယ်များကြားတွင်သာမက ငွေကြေးမပြည့်စုံသည့် လူငယ်များအကြားသို့ပါ ထိုးဖောက် ရောက်ရှိလာနေပြီဖြစ်သည်။ ခေတ်၏ပြောင်းလဲလာမှုကြောင့် မူးယစ်ဆေးဝါးများသည်လည်း နည်းလမ်းမျိုးစုံဖြင့် ပြောင်းလဲလာကြသည်။ ဘိန်းခင်းများကို ဖျက်ဆီးခြင်း၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်းတို့ဖြင့် ဘိန်းကို အမြစ်ပြတ်အောင် လုပ်ဆောင်နေချိန်တွင် စိုက်ခင်းမလို၊ လူအင်အားလည်းမလိုဘဲ ဓာတ်ခွဲခန်းတစ်ခုရှိရုံမျှဖြင့် ပစ္စည်းအရေအတွက် သိန်းပေါင်း၊ သန်းပေါင်းများစွာ ထုတ်လုပ်နိုင်သော စိတ်ကြွရူးသွပ်ဆေးမှာ ဝိသမလောဘသားများ၏ သည်းခြေကြိုက် ဖြစ်လာခဲ့သည်။ ဝိသမလောဘသားများအနေဖြင့် မူးယစ်ဆေးဝါးဈေးကွက်အတွက် လူငယ်များကို အဓိက ပစ်မှတ်ထားလာကြသည်ကို တွေ့မြင်နေရသည်။ ကျောင်းများတွင်သော်လည်းကောင်း၊ ရပ်ကွက်အတွင်း၌သော်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ကျောင်းသားကျောင်းသူချင်း၊ လူငယ်လူရွယ်ချင်းမှတစ်ဆင့် ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။ စိတ်ကြွရူးသွပ်ဆေးများသည်လည်း ဈေးကွက်အတွင်းတွင် နာမည်အမျိုးမျိုးနှင့် ထွက်ရှိလျက်ရှိသည်။ ယခင်က စိတ်ကြွဆေးများကို နိုင်ငံခြားတိုင်းပြည်များတွင် နေ့မအား၊ ညမနား အလုပ်လုပ်ကြရသည့် လုပ်သားများသောက်သုံးရန် ထုတ်လုပ်ခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် လူသားများကြားတွင် အဆင့်ဆင့် ထိုးဖောက်ဝင်ရောက်လာခြင်းဖြစ်သည်။

ဆေးအာနိသင်မှာ ညမအိပ်ဘဲ အလုပ်လုပ်နိုင်ခြင်း၊ အစာမစားဘဲ အလုပ်လုပ်နိုင်ခြင်း၊ ခွန်အားပြည့်ဝသကဲ့သို့ ခံစားရခြင်း၊ ဉာဏ်ရွှင်ခြင်း စသည်တို့ဖြစ်သည်။ သို့သော် သုံးစွဲသည့်ကာလ ကြာလာလျှင်မူ ဆေးအာနိသင်မရပါက အားအင်မရှိသကဲ့သို့ ပင်ပန်းနွမ်းနယ်ခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ သွားများကျွတ်ခြင်း၊ ယိုင်နဲ့ခြင်း၊ ကိုယ်တွင်းကလီစာများ ပျက်စီးခြင်း စသည့် ဘေးထွက်ဆိုးကျိုးများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သုံးစွဲသူကိုယ်တိုင်တွင် စိတ်ကျန်းမာရေးထိခိုက်ခြင်း၊ ပုံမှန်အသိစိတ်မရှိခြင်း၊ သံသယဝင်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်း ရောဂါများ၊ အိပ်ရေးပျက်ပြီး အသိဉာဏ်ချို့ယွင်းလာခြင်းများ ဖြစ်တတ်သည်။ နောက်ထပ်ဦးနှောက်ကြောင်လာခြင်း၊ ဉာဏ်ရည်ကျဆင်းပြီး ခုခံအားကျဆင်းလာသည့် HIV/AIDS စသော ရောဂါဝေဒနာများပါ ခံစားရတတ်သည်။

မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲမှုကြောင့် စိတ်အာရုံချောက်ချားမှုများ ဖြစ်လာပြီး စာရိတ္တပျက်စီးခြင်း၊ ဥစ္စာပျက်စီးခြင်းတို့ကြောင့် လူ့အသိုင်းအဝန်းကိုလည်း ထိခိုက်စေနိုင်ပါသည်။ တစ်မျိုးသားလုံးလူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန်မှာ အမျိုးသားထုတစ်ရပ်လုံး၏ တာဝန်ဖြစ်သည်။ မူးယစ်ဆေးဝါးကို ထုတ်လုပ်၊ ဖြန့်ချိ၊ ရောင်းချ၊ တင်ပို့၊ တင်သွင်းခြင်းကို ကိုယ်တိုင်မလုပ်သော်လည်း အားပေးကူညီထောက်ပံ့လျှင် ထောင်ဒဏ်၊ သေဒဏ်အထိ ကျခံနိုင်ရဖွယ်ရှိသည်။

**မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ရန်**

မူးယစ်ဆေးဝါးသုံးစွဲပါက ယခင်က ထောင်ဒဏ်ချမှတ်ခဲ့သော်လည်း ယခုအခါတွင် ထောင်ဒဏ်အစား လူမှုရေးပြစ်ဒဏ်သို့ ပြောင်းလဲချမှတ်ရန် ပညာရှင်များက အဆိုပြုကြသည်။ ထို့ပြင် မူးယစ်ဆေးသုံးစွဲသူများကိုလည်း ပစ်ပယ်ထားခြင်းမပြုဘဲ မူးယစ်ဆေးစွဲခြင်းကို စိတ်ပိုင်းဆိုင်ရာ ရောဂါတစ်ခုအဖြစ် သတ်မှတ်ကာ လူ့အသိုင်းအဝိုင်း၏ ဖေးမမှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့၏ ရင်သွေးငယ်များကိုလည်း မူးယစ်ဆေးဝါး၏ မကောင်းကျိုးများကို ပြောဆိုဆုံးမရုံသာမက ယနေ့ခေတ် လူငယ်များ ရင်ဆိုင်နေရသည့် အခက်အခဲများ၊ စိတ်ပိုင်းဆိုင်ရာ မွန်းကျပ်မှုများနှင့် ခံစားမှုများကို လူကြီးမိဘများက နားလည်မှုရှိရှိ မျှဝေသိရှိနိုင်မှသာ မူးယစ်ဆေးကဲ့သို့သော မကောင်းသည့်ထွက်ပေါက်များကို ရှာဖွေမှု လျော့နည်းသွားမည်ဖြစ်သည်။ မူးယစ်ဆေး သုံးစွဲသူများအနေဖြင့် မိမိတို့ကိုယ်တိုင် မူးယစ်နွံထဲမှ ရုန်းထွက်လိုသော်လည်း မူးယစ်ဆေးဖြတ်ပြီးနောက်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ကုသမှုများကိုသာ ဆောင်ရွက်ပြီး စိတ်ပိုင်းဆိုင်ရာကုသမှု မပြုလုပ်သည့်အတွက် ယခင်အသိုက်အဝန်းနှင့် ပြန်လည်တွေ့ဆုံပါက ပြန်လည်သုံးစွဲမိသည့်အဆင့်သို့ ရောက်ရှိသွားသည်ကို မကြာခဏ တွေ့ရသည်။ ထို့ကြောင့် မူးယစ်ဆေးဖြတ်ထားသူများ၊ မူးယစ်ဆေးဖြတ်လိုသူများကိုလည်း မိသားစုက ပစ်ပယ်မထားဘဲ ဂရုတစိုက် ဖေးမလျှင် မူးယစ်ကင်းစင်ပြီး လှပသော လူမှုဘဝများကို ပိုင်ဆိုင်နိုင်မည်မှာ အသေအချာပင်ဖြစ်သည်။

မူးယစ်ဆေးဝါးကင်းစင်ရေးသည် တစ်နိုင်ငံလုံး၏ အရေးသာမက ကမ္ဘာ့လူသားအားလုံး၏အရေးဖြစ်ရာ နိုင်ငံသားတိုင်းက ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ သို့မှသာ လူသားများ၏ဘဝ သစ်လွင်၍ နိုင်ငံကို အလှဆင်နိုင်မည်ဖြစ်သည်။ လူ့ဘောင်တစ်ခုလုံးကို ပျက်ပြုန်းစေနိုင်သော မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံသားတိုင်း ကမ္ဘာသူကမ္ဘာသားတိုင်းက စုပေါင်းလက်တွဲ တွန်းလှန်တိုက်ဖျက်သင့်ပါသည်။ သို့ဖြစ်၍ ၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် မူးယစ်ဆေးဝါးပြဿနာကို ကျန်းမာရေးရှုထောင့်မှ ရှုမြင်သုံးသပ်ပြီး ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ကြရန် လိုအပ်သလို ဥပဒေပြုရေးနှင့် တရားစီရင်ရေး အပိုင်းတွေမှာလည်း ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန် အစိုးရဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူလူထုတစ်ရပ်လုံးကလည်း အမျိုးသားရေးပြဿနာအဖြစ် ခံယူပြီး အဖွဲ့အစည်းတစ်ခုချင်းစီမှ လူတစ်ဦးတစ်ယောက်ချင်းစီအထိ တာဝန်ကိုယ်စီရှိစွာဖြင့် မူးယစ်ကင်းစင်သည့် လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးအတွက် ပြည်သူ့ကျန်းမာရေးအမြင်နှင့် မျှတမှုရှိရန် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ မီဒီယာနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများက အလေးအနက် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ဝိုင်းဝန်းကာကွယ် မူးယစ်အန္တရာယ်

❒ မူးယစ်ဆေးဝါး အန္တရာယ်
လွန်စွာ ကြောက်မက်ဖွယ်။
ညီငယ်ကျောင်းသား အမောင်များ
ဝေးဝေးက ရှောင်ရှား။

❒ တစ်ခါစမ်းလို့ စွဲလမ်းရင်
ဖြတ်ရခက်ပြီ ‘သင်’။
မမြင်မကြင် နေထိုင်မှ
ရေရှည်ဘဝလှ။

❒ အားကစားနဲ့ စာပေကို
လိုက်စားကြဖို့လို။
‘ဗလ’ငါးတန် ပြည့်စုံရေး
ကြိုးစားကြစို့လေး။

❒ မိဘများက ဆုံးမမယ်
ငယ်စဉ်ကာလ အသိကြွယ်။
ဖယ်ရှောင်မှတ်ထား ပညာများ
ဆရာများက သင်လို့ကြား။

❒ အနာဂတ်ရဲ့ ပန်းလေးတွေ
မူးယစ်ဘေးက ရှောင်ရှားလေ။
ပိုးကိုက်သည့်ပန်း မဖြစ်ဖို့
ဥယျာဉ်မှူးများ ပြုစုစို့။
ဝိုင်းဝန်းကာကွယ်စို့။ ။

မင်းသန်းနိုင်(မုဒုံ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၇**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့ကရိတ်မြို့တွင် ၀ ဒသမ ၉၁ လက်မ၊ ရန်ကုန် (ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၀ ဒသမ ၇၉ လက်မ၊ ကွမ်းလုံမြို့တွင် ၀ ဒသမ ၇၁ လက်မ၊ ရန်ကုန် (မင်္ဂလာဒုံ မြို့နယ်)၊ ရန်ကုန်(ကမ္ဘာအေး) နှင့် ဟိုင်းကြီးကျွန်းမြို့တို့တွင် ၀ ဒသမ ၆၃ လက်မစီ၊ ဟသ်ာတမြို့နယ်တွင် ၀ ဒသမ ၅၉ လက်မ၊ ရှမ်းရွာသစ်မြို့ (လှိုင်းဘွဲမြို့နယ်)တွင် ၀ ဒသမ ၅၇ လက်မ၊ မာန်အောင် မြို့နှင့် လှည်းကူးမြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီ၊ သီပေါမြို့တွင် ၀ ဒသမ ၅၁ လက်မ၊ ဘုရားသုံးဆူမြို့(ကြာအင်းဆိပ်ကြီးမြို့နယ်)တွင် ၀ ဒသမ ၄၇ လက်မနှင့် ပြည်မြို့နှင့် ရန်ကုန်(မြို့လယ်)တို့တွင် ၀ ဒသမ ၄၃ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## စလင်းစည်ပင်သာယာဈေး၌ စည်းကမ်းမဲ့ဈေးသည်များအား ဈေးကော်မတီက ကွင်းဆင်းစစ်ဆေး

**စလင်း ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့ စည်ပင်သာယာဈေး၌ စည်းကမ်းမဲ့ဈေးသည်များကို ဈေးကော်မတီက ယနေ့နံနက်တွင် ကွင်းဆင်းစစ်ဆေးသည်။

စလင်းမြို့ စည်ပင်သာယာဈေးကြီးနှင့် ဈေးအနောက်ဘက်ပျံကျဈေးသည်များသည် ဈေးရောင်းချရာ၌ မိမိတို့သတ်မှတ်နေရာများတွင်သာမက ဆိုင်တန်းများ၏ရှေ့ လူသွားလမ်းများအထိကျူးကျော်၍ ဈေးဗန်းများခင်း၍ ရောင်းချနေသဖြင့် ဈေးဝယ်သူများ သွားလာရန်ခက်ခဲခြင်း၊ ဈေးဆိုင်များပူးကပ်နေခြင်းများ ဖြစ်ပေါ်နေသည်ကို ဈေးခေါင်း ဦးညီစန်းနှင့် ဈေးကော်မတီများက ကွင်းဆင်းစစ်ဆေးသည်။ ထို့ပြင် ဈေးသည်တိုင်း ကိုဗစ်စည်းကမ်းအရ နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ရန် အသိပညာပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်း သစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၇**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းစုံအပတောရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်ထားသော ၁/၂၀၂၀ ကျေးရွာသုံးထင်းစိုက်ခင်း ၄၅ ဧကနှင့် သစ်တောဦးစီးဌာနက တည်ထောင်ထားသော ကျေးရွာပိုင်ထင်းစိုက်ခင်း တစ်ရွာနှစ်ဧကတို့၏ ရှင်သန်အောင်မြင်မှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။** (အောက်ပုံ)



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နွားထိုးကြီးမြို့နယ်ရှိ သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်သည့် မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဇုန်ခြောက်သွေ့တော ဂေဟစနစ်အတွင်းရှိ မြန်မာ့ဒေသရင်း မျိုးစိတ်များ၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော သားငှက်တိရစ္ဆာန်များ ကျက်စားရာ မူလနေရင်းဒေသဖြစ်သည့် မင်းစုံတောင် ရေရှည်တည်တံ့စေရေးနှင့် စိမ်းလန်းစိုပြည်စေရေး၊ ဒေသခံပြည်သူတို့အတွက် သဘာဝသယံဇာတ အရင်းအမြစ်များ စဉ်ဆက်မပြတ် ရရှိစေရေးနှင့် မြန်မာ့ကြယ်လိပ်များ မျိုးသုဉ်းပျောက်ကွယ်မသွားစေဘဲ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့နယ် ရဒါန်းချောင်းဆုံကြိုးဝိုင်း အကွက်အမှတ် ၅၊ ၁၇၊ ၁၈ အတွင်းရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်ထားသော ၄/၂၀၂၁ အထူးစိမ်းတစ်အုပ်တစ်မ သစ်ပင် ၁၃၉၀၊ ၁/၂၀၂၁ ကျေးရွာသုံးစိုက်ခင်း ဧက ၂၀၊ ၁/၂၀၂၀ ကျေးရွာသုံးစိုက်ခင်း ၂၅ ဧက၊ ၃/၂၀၂၀ အခြားစိုက်ခင်း ၃၅ ဧက၊ ၄/၂၀၂၀ အထူးစိမ်းအပင် ၃၀၀၀ နှင့် ၃/၂၀၂၁ အခြားစိုက်ခင်း ၂၅ ဧက၏ ရှင်သန်အောင်မြင်နေမှုများကို လည်းကောင်း၊ ရဒါန်းချောင်းဆုံကြိုးဝိုင်း အကွက်အမှတ် ၁၆၊ ၁၇ အတွင်းရှိ သစ်တောဦးစီးဌာနက တည်ထောင်ထားသည့် ၃/၂၀၁၉ ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်း ၆၅ ဧက၊ ၂/၂၀၂၀ ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း ၇၉ ဧက၏ ရှင်သန်အောင်မြင်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံးတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ၂၀၂၁ မိုးရာသီ၌ မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းဘေးဝဲယာ တစ်အုပ်တစ်မစိုက်ပျိုးမည့် အစီအမံများ၊ ကျေးရွာသုံး ထင်းစိုက်ခင်းများ တည်ထောင်မည့် အစီအမံများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ သတ္တုကဏ္ဍဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီတို့ အပြန်အလှန် ပေါင်းစပ် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရာ တက်ရောက်လာသူများက လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ သီလဝါဓာတ်အားပေးစက်ရုံနှင့် ၂၃၀ ကေဗွီ သီလဝါဓာတ်အားခွဲရုံသို့ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)၊ သီလဝါ ဓာတ်အားပေးစက်ရုံနှင့် ၂၃၀ ကေဗွီ သီလဝါ ဓာတ်အားခွဲရုံတို့သို့ ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) ရေနံချက်စက်ရုံဝင်းအတွင်းရှိ စက်ဆီ/ချောဆီရောစပ်စက်ရုံသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ပြီး စက်ဆီ/ချောဆီစက်ရုံအတွင်း ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်တန်းမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ သီလဝါ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ ၂၃၀ ကေဗွီ သီလဝါဓာတ်အားခွဲရုံသို့ ရောက်ရှိရာ စက်ရုံမှူးက ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားပေးစက်ကြီးများ မောင်းနှင်နေမှုနှင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စက်စွမ်းအားပြည့် မောင်းနှင်နိုင်ရေးအတွက် ဓာတ်အားပေးစက်များ၊ ဓာတ်အားခွဲရုံများ ကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ရွှေသောင်ယံမြို့ ဂျိုင်ကြီးကမ်းခြေ၌ လင်းပိုင် နှစ်ကောင် တွေ့ရှိ



**ရွှေသောင်ယံ ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အမှတ်(၃) ရပ်ကွက်အပိုင် ဂျိုင်ကြီးကမ်းခြေတွင် ယနေ့နံနက် ၆ နာရီက ရေနေသတ္တဝါ လင်းပိုင် ဒေသအခေါ် လင်းရှူး နှစ်ကောင် ကမ်းတင်လျက်ရှိသည်ကို ဒေသခံများမှတွေ့ရှိသဖြင့် တာဝန်ရှိသူများထံ အကြောင်းကြား၍ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရွှေသောင်ယံမြို့ ငါးလုပ်ငန်းဦးစီးဌာနတို့မှ လာရောက်ကြည့်ရှုပြီး နံနက် ၈ နာရီ ၄၅ မိနစ်တွင် စက်လှေဖြင့် ပင်လယ်တွင်းသို့ ပြန်လည်လွှတ်ပေးခဲ့သည်။

အဆိုပါရေနေသတ္တဝါ လင်းပိုင် ဒေသအခေါ် လင်းရှူးမှာ ရွှေသောင်ယံမြို့ ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းထွာချက်အရ အလျား ၆ ပေ ၁ လက်မ၊ လုံးပတ် ၂ ပေ ၇ လက်မ၊ အမြီး ၁ ပေ ၄ လက်မ၊ အပေါ်ရေယက် ၇ လက်မ၊ ဘေးရေယက် ၉ လက်မရှိ တစ်ကောင်နှင့် အလျား ၆ ပေ ၃ လက်မ၊ လုံးပတ် ၂ ပေ ၇ လက်မ၊ အမြီး ၁ ပေ ၉ လက်မ၊ အပေါ်ရေယက် ၇ လက်မ၊ ဘေးရေယက် ၉ လက်မစီရှိကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခြင်းနှင့် ပြည်ပချေးငွေများအား စိစစ်သုံးသပ်ခြင်း

ဦးဝင်းသော် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)

**နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အကြောင်းအရာများအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်း Foreign Direct Investment (FDI) သည်လည်း အရေးပါသောအချက်/ ကဏ္ဍတစ်ခုဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများအတွက် ရင်းနှီးမြှုပ်နှံမှုအား ဖိတ်ခေါ်ရာတွင် အခြေခံကျသောဆောက်လုပ်ရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍများတွင် လာရောက်မြှုပ်နှံဖို့ လိုအပ်သလို အခြားသောကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းသည် နိုင်ငံတော်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက၊ နိုင်ငံ၏ အခြေခံအဆောက်အဦ တိုးတက်မှု၊ နည်းပညာအတွေ့အကြုံများ ရရှိမှုနှင့် အတူ ပြည်သူလူထုအတွက် အခြေခံကျသော အလုပ်အကိုင်အခွင့်အလမ်းပါ တစ်ပါတည်းပူးတွဲပါဝင်လာသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ထိုရင်းနှီးမြှုပ်နှံမှုများအား လေ့လာဆန်းစစ်ရာတွင် ရာခိုင်နှုန်းတော်တော်များများသည် Cash (ငွေသား) ထက် in kind ( ငွေသားအစား တန်ဖိုးသင့်ထားသောပစ္စည်း)အား တန်ဖိုးသင့်၍ လာရောက်မြှုပ်နှံခြင်းက ပိုမိုနေသည်ကိုတွေ့ရမှာ ဖြစ်ပါသည်။

အကြောင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံအတွက် အဓိက လိုအပ်ချက်များသည် အခြေခံအဆောက်အဦများဖြစ်သော လမ်း၊ တံတား၊ စက်ရုံ၊ ဆက်သွယ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်းတို့ ဖြစ်သဖြင့် ငွေသားလွှဲပြောင်းပေးပို့ပြီး ပစ္စည်းကို ပြန်လည်မှာယူတင်သွင်းရခြင်းထက် ပစ္စည်းကိုတစ်ပါတည်း တင်သွင်းလာခြင်းက ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုအဆင်ပြေမည် ဖြစ်ပါသည်။

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် အချို့သည် မူလမတည်ရင်းနှီးငွေ Capital အား အပြည့်အဝယူဆောင်ရင်းနှီးမြှုပ်နှံခြင်းဖြစ်သလို အချို့မှာ လုပ်ငန်းလိုအပ်ချက်အတွက် မတည်ငွေတိုးမြှင့်ရန် ပြည်ပမှ ချေးငွေရယူခြင်းများလည်းရှိပါသည်။ ထိုချေးငွေအားလည်း ယခင်ရင်းနှီးမြှုပ်နှံမှုဝင်လာခြင်းနည်းတူ Cash (ငွေသား) in kind (ပစ္စည်း) စသည်ဖြင့် လုပ်ငန်းအမျိုးအစားအရ လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူအား ငွေချေးငှားသူ၏ ကတိကဝတ်အရလည်းကောင်း ကွဲပြားခြားနားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်အရဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူ၏ အခြေအနေလုပ်ကိုင်ခွင့်အရဖြစ်စေ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မလွဲမသွေခွင့်ပြုရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအား ကြိမ်ဖန်များစွာ သုံးသပ်ပြင်ဆင်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

### နိုင်ငံခြားငွေဆုံးရှုံး နစ်နာခြင်းများကြုံတွေ့နိုင်

ဥပမာအားဖြင့် A ကုမ္ပဏီသည် ချေးငွေသန်း(၁၀၀)ဖြင့် မော်တော်ယာဉ်များ၊ လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ပြည်ပမှ တင်သွင်းမည်ဆိုပါစို့။ ၎င်းချေးငွေကို (၃) နှစ်သက်တမ်းပြည့်ပါက ပြန်လည်ပေးဆပ်ရမည်။ အဆိုပါချေးငွေသည် အတိုးမဲ့ဖြစ်သော်လည်း ပါဝင်သောပစ္စည်းတန်ဖိုးနှင့် အရည်အသွေးများကို သေချာစွာစိစစ်သုံးသပ်ရန် လိုအပ်ပါသည်။ ပြည်ပမှတင်သွင်းလာသောပစ္စည်းသည် အရည်အသွေးပြည့်မီမှုမရှိပါက နိုင်ငံတော်အနေဖြင့် အချိန်မတိုင်မီ ပျက်စီးဆုံးရှုံးမှုကြုံတွေ့ရမည်ဖြစ်ပါသည်။ သန်း(၁၀၀) ဖြင့် ချေးယူသော ပစ္စည်းတန်ဖိုးသည် အမှန်တကယ်သန်း (၈၀) သာတန်မည်ဆိုပါက နိုင်ငံခြားငွေ သန်း(၂၀) သည် အပိုပြန်လည်ပေးရသဖြင့် မိမိနိုင်ငံအတွက် ပထမဆုံးသောနစ်နာမှုဖြစ်ပါသည်။ ၎င်းပစ္စည်းသည် အရည်အသွေးပြည့်မီမှုမရှိခြင်း၊ အာမခံချက်မရှိခြင်း၊ အချိန်မတိုင်မီပျက်စီးမှုများဖြစ်ပါက (၃)နှစ် သက်တမ်းပြည့်ပြီး ပြန်လည်ပေးဆပ်ချိန်တွင် တန်ရာတန်ကြေးမဟုတ်သောပစ္စည်း သန်း (၁၀၀) အတွက် နိုင်ငံခြားငွေများပေးဆပ်ရခြင်းသည် နိုင်ငံတော်အနေဖြင့် ဒုတိယအကြိမ် နစ်နာမှုဖြစ်လာနိုင်ပါသည်။ ၎င်းပစ္စည်း (in kind) သည် ချေးငွေတန်ဖိုးထက် လျော့နည်းခြင်းရှိနေပါက နောက်ဆုံးချေးငွေပေးဆပ်ချိန်တွင် နိုင်ငံခြားငွေဆုံးရှုံး နစ်နာခြင်းများကြုံတွေ့နိုင်ပါသည်။ ပြည်ပမှ ချေးငွေရယူရန် ဆောင်ရွက်သည့်အခါ ပြည့်စုံမှုမရှိသော လက်ခံနိုင်ဖွယ်ရာမရှိသော အခြေအနေမျိုး ကြုံတွေ့ရနိုင်ပါသည်။

### သေချာစွာစိစစ်သုံးသပ်ရန် လိုအပ်

ဒုတိယပိုင်းအနေဖြင့် ပြည်ပချေးငွေရယူမှုအား တင်ပြရှင်းလင်းလိုပါသည်။ B ကုမ္ပဏီသည် ချေးငွေသန်း (၁၀၀) ရယူရာတွင် Cash 50 million နှင့် in kind 50 million ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၄) ရာခိုင်နှုန်းဖြင့် (၅)နှစ် သက်တမ်းချေးငွေဖြစ်ပါသည်။ အဆိုပါကုမ္ပဏီသည် သန်း(၁၀၀) အတွက် အတိုးပုံမှန်ပေးရမည်ဖြစ်ပြီး (၅)နှစ်ပြည့်ပါက ၎င်းချေးငွေအားလုံးကို ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါ သည်။ သို့ဖြစ်၍ စတင်ချေးငှားပြီး အချိန်စေ့ပါက အတိုးငွေအဖြစ် တစ်နှစ်လျှင် ဒေါ်လာ (၄)သန်း ပြည်ပသို့ ပြန်လည်ပေးပို့ရမည်ဖြစ်သဖြင့် စီမံကိန်း (Project) ပြီးဆုံးသည့် (၅) နှစ်တာကာလအထိ အမေရိကန်ဒေါ်လာသန်း (၂၀) အတိုးပေးရမည် ဖြစ်ပါသည်။ ဤနေရာတွင် အတိုးပေးရမည့် ချေးငွေသန်း(၁၀၀) တွင် ပါဝင်သော in kind (ပစ္စည်း) သန်း (၅၀)အား သေချာစွာစိစစ်သုံးသပ်ရန် လိုအပ်ပါသည်။ in kind သန်း (၅၀)သည် သတ်မှတ်ထားသော ဒေသန္တရပေါက်ဈေးဖြစ်စေ၊ နိုင်ငံတကာရှိ ပေါက်ဈေးဖြစ်စေ သင့်လျော်သောအရည်အသွေးနှင့် တန်ဖိုးပြည့်မီခြင်း ရှိ/မရှိ စိစစ်ရန်လိုအပ်ပါမည်။ ထိုက်သင့်သောအရည်အသွေးနှင့် တန်ဖိုး ကိုက်ညီမှုမရှိသောပစ္စည်းအား စိစစ်နိုင်ခြင်းမရှိပါက နိုင်ငံတော်၏ နိုင်ငံခြားငွေအား အလဟဿဆုံးရှုံးစေမည်ဖြစ်ပါသည်။ အကြောင်းမှာ သန်း (၅၀) မတန်သောပစ္စည်းအတွက် အတိုးပေးနေခြင်းသည် ပထမဆုံးနစ်နာမှု FE reserve ဆုံးရှုံးမှုဖြစ်ပါသည်။ သက်တမ်းကာလပြည့်၍ ပြန်လည်ပေးဆပ်သောအခါ in kind (ပစ္စည်း) သန်း (၅၀) အား ငွေသားဖြင့် ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ ထိုအချိန်တွင် မူလကမိမိနိုင်ငံသို့ ချေးငွေအဖြစ် သန်း (၅၀)တန် ပစ္စည်း သည် သန်း(၃၀)သာတန်မည်ဆိုပါက မိမိနိုင်ငံ၏ နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ သန်း(၂၀) အား ပြည်ပသို့ အပိုလွှဲပေးရသော သဘောဖြစ်ပါသည်။ အဆိုပါ ဒေါ်လာ သန်း (၂၀) သည် မိမိနိုင်ငံအတွက် ဒုတိယနစ်နာမှု ဖြစ်လာနိုင်ပါသည်။ ရယူသောချေးငွေသည် ပစ္စည်းဖြစ်ခြင်း၊ ၎င်းပစ္စည်းသည် ၎င်းတို့ ဖော်ပြသော ချေးငွေတန်ဖိုးထက် လျော့နည်းခြင်းရှိနေပါက (တန်ဖိုးမစိစစ်နိုင်ပါက) အတိုးပေးသည့်ကာလမှစတင်၍ အလီလီနစ်နာ ခြင်းနှင့် နောက်ဆုံးပြန်လည် ပေးဆပ်ချိန်တွင် နစ်နာခြင်းတို့ကြုံတွေ့ရမည်ဖြစ်သည့်အပြင် အရည်အသွေးစံချိန်မမီသော၊ အာမခံချက်မရှိသောပစ္စည်းများဖြစ်ပါက သက်တမ်းမစေ့ခင် ဆုံးရှုံးပျက်စီးမှုကြောင့် တတိယအကြိမ် ထပ်မံနစ်နာမည်ဖြစ်ပါသည်။

### ပြည်ပချေးငွေရယူလိုခြင်းအား စိစစ်ခွင့်ပြုနိုင်

ဗဟိုဘဏ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ ပြည်ပချေးငွေရယူလိုခြင်းအား စိစစ်ခွင့်ပြုနိုင်ရန် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ **(FEML)၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း (FEMR) အရ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း(FEMR)စာပိုဒ် (၄၈)အရ "ပြည်တွင်း၌ နေထိုင်သူသည် ပြည်ပမှချေးငွေများ ရယူခြင်း သို့မဟုတ် ပြည်ပမှ အခြားနည်းလမ်းများဖြင့် ချေးခြင်း သို့မဟုတ် ချေးငွေရယူခြင်းကဲ့သို့သော စာရွက်စာတမ်းအထောက်အထားတို့ကို ဆောင်ရွက်သည့်အခါတိုင်း ဗဟိုဘဏ်က အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ကြိုတင်ခွင့်ပြုမိန့်တောင်းခံရယူရမည်။"** ဟု ဖော်ပြထားသဖြင့် ဗဟိုဘဏ်၏ခွင့်ပြုချက်အား ရယူရမည်ဖြစ်ပါသည်။ စာပိုဒ် (၄၉)အရ ချေးငွေစာချုပ်အား ပူးတွဲတင်ပြရန်နှင့် စာပိုဒ် (၅၀)အရ ရယူလိုသော ချေးငွေ၏ရည်ရွယ်ချက်နှင့် ပြန်လည်ပေးဆပ်မှုအစီအစဉ်အရ သင့်တော်သောအတိုးနှုန်းအား စာပိုဒ် (၅၁) တွင် ဖော်ပြထားပါသည်။

> **" မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်ပချေးငွေရယူမှုအား စိစစ်ရာတွင် မိမိနိုင်ငံအတွက် နိုင်ငံခြားငွေ ဝင်ငွေရလမ်းရှိသော လုပ်ငန်း ဖြစ်/မဖြစ်၊ နိုင်ငံခြားငွေ မဝင်ပါကလည်း ပြောင်းလဲလာနိုင်သော exchange rate risk အား မည်သို့ကာကွယ်ရန် ပြင်ဆင်ထားမှု ရှိ/မရှိ၊ ချေးငွေရယူသော ကုမ္ပဏီ၏ Financial Statement အရ ရရှိသောအမြတ်သည် ပေးရမည့် အတိုးနှုန်းကို ပေးဆပ်နိုင်စွမ်း ရှိ/မရှိ၊ အတိုးနှုန်းသည် သက်သာမှု ရှိ/မရှိ စသည့် ကန့်သတ်ချက်များဖြင့် ထိန်းကျောင်းဆောင်ရွက်လျက်ရှိ"**

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ **(FEML)** ပုဒ်မ (၂၇)အရ **"နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ရန်ပုံငွေများကို ယူဆောင်လာသည့်အခါတိုင်း ဗဟိုဘဏ်သို့ အထောက်အထားတို့ဖြင့် သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။ ယင်းအထောက်အထားများကို တင်ပြနိုင်ခြင်းမရှိပါက ပြည်ပသို့ ယင်းရန်ပုံငွေများ ပြန်လည်လွှဲပို့ခြင်းကို ခွင့်ပြုရန် ဗဟိုဘဏ်က ငြင်းပယ်နိုင်သည်။"** ဟု ဖော်ပြထားသဖြင့် ဗဟိုဘဏ် ခွင့်ပြုချက်အား တင်ပြရယူထားခြင်းမရှိလျှင် အဆိုပါငွေလွှဲပို့မှုအား မြန်မာနိုင်ငံတော်၊ ဗဟိုဘဏ်အနေဖြင့် ခွင့်ပြုရန်ငြင်းပယ်နိုင်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်ပချေးငွေရယူမှုအား စိစစ်ရာတွင် မိမိနိုင်ငံအတွက် နိုင်ငံခြားငွေ ဝင်ငွေရလမ်းရှိသော လုပ်ငန်း ဖြစ်/မဖြစ်၊ နိုင်ငံခြားငွေ မဝင်ပါကလည်း ပြောင်းလဲလာနိုင်သော exchange rate risk အား မည်သို့ကာကွယ်ရန် ပြင်ဆင်ထားမှု ရှိ/မရှိ၊ ချေးငွေရယူသော ကုမ္ပဏီ၏ Financial Statement အရ ရရှိသောအမြတ်သည် ပေးရမည့်အတိုးနှုန်းကို ပေးဆပ်နိုင်စွမ်း ရှိ/မရှိ၊ အတိုးနှုန်းသည် သက်သာမှု ရှိ/မရှိ စသည့် ကန့်သတ်ချက်များဖြင့် ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။

အစိုးရကဏ္ဍတွင်မူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောတူညီချက်ဖြင့် ပြည်ပချေးငွေများရယူပြီး ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်ဆောင်ရွက်လျက်ရှိပါသည်။ အဓိကအားဖြင့် တင်ပြလိုသောအချက်မှာ ရင်းနှီးမြှုပ်နှံမှုအကူအညီပေးသည်ဖြစ်စေ၊ *စာမျက်နှာ ၁၁ သို့*

# ခြင်ကျားအန္တရာယ် ဗိုင်းဝန်းကာကွယ်

မေယု - မျိုးအောင် (MANA)



သွေးလွန်တုပ်ကွေးရောဂါသည် တစ်နှစ်ပတ်လုံးဖြစ်တတ်သော ရောဂါဖြစ်ပြီး မိုးရာသီဖြစ်သော ဇူလိုင်လနှင့် ဩဂုတ်လများတွင် ပိုမိုအဖြစ်များသည်ကို တွေ့ရှိရသည်။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ် မရွေး ဖြစ်ပေါ်တတ်သည်။ အသက်(၁၅)နှစ်အောက် ကလေး(သုံးနှစ်မှ ရှစ်နှစ်အရွယ်) များတွင် ဖြစ်ပွားမှုများသော်လည်း (၁၅)နှစ်အထက် ကလေးများတွင်လည်း ဖြစ်ပွားနေသည်။ ရာသီဥတုပြောင်းလဲချိန် မိုးတွင်းကာလတွင် နှစ်စဉ်အမြဲအဖြစ်များလေ့ရှိသည်မှာ သွေးလွန်တုပ်ကွေးရောဂါပင် ဖြစ်သည်။ ယင်းရောဂါသည် အခန့်မသင့်ပါက ဖြစ်ပွားသည့် ကလေး၊ လူကြီးမရွေး အသက်ဆုံးရှုံးနိုင်သည့်အတွက် အရိပ်တကြည့်ကြည့်နှင့် ဂရုတစိုက် စောင့်ရှောက်ပေးရန် လိုအပ်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ရာသီတုပ်ကွေးရောဂါများသည် သန့်ရှင်းမှုမရှိပါက အဖြစ်များနိုင်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက "မိုးရာသီတွင် အဖြစ်များဆုံးကူးစက်ရောဂါ" များဟုဆိုကာ ပြည်သူများသတိပြုနိုင်ရန် သတိပေးထုတ်ပြန်ချက်များ ထုတ်ပြန်ကြေညာလျက်ရှိသည်။ သွေးလွန်တုပ်ကွေးသည် နှစ်စဉ်သတိပြုစရာအနေဖြင့်ရှိနေပြီး မိမိတို့၏အိမ်နှင့် အနီးပတ်ဝန်းကျင်ရှိ ရေမြောင်းများ၊ တာယာများနှင့် အမှိုက်မှတစ်ဆင့် ရေတင်၊ ရေဝပ်နိုင်သည့် ပစ္စည်းများကြောင့် ခြင်ပေါက်ပွားမှုကို ပို၍ဖြစ်သဖြင့် မိုးတွင်းကာလသည် အခြားသော အချိန်များထက် ခြင်ပေါက်ပွားမှုကို ပိုမိုပေါက်ပွားလေ့ရှိသည်။

ခြင်ကျားသည် နေ့ခင်းဘက်တွင် ကိုက်သည့် ခြင်ဖြစ်သည့်အတွက် ကျောင်းနေအရွယ်ကလေးများအနေဖြင့် ဂရုပြုသင့်သည်။ မိဘများအနေဖြင့်လည်း ကလေးငယ်များ ခြင်ကိုက်မခံရစေရန် အင်္ကျီလက်ရှည်၊ ဘောင်းဘီ အရှည်စသဖြင့် လုံခြုံသော ကျောင်းဝတ်စုံများကို ဝတ်ဆင်ပေး၍ ကျောင်းသို့ လွှတ်သင့်သည်။ စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ရန် ကျောင်းတွင်း သန့်ရှင်းရေးများဖြစ်သည့် ရေလှောင်ကန်များတွင် ပိုးလောက်လမ်းသေစေမည့် အဘိတ်ဆေးခတ်ခြင်း၊ ငါးထည့်ခြင်း၊ စာသင်ခန်းများကို ဆေးမှုတ်ပေးခြင်းစသည်တို့ကို လုပ်ဆောင်ပေးသင့်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော အေဒီစ်(ခြင်ကျား) ခြင်ကိုက်ခံရ၍ဖြစ်သည်။ ခြင်ကျားသည် ရေကြည်၊ ရေသန့်တွင် အဓိက ပေါက်ပွားပြီး နေ့အချိန်မှ ကိုက်လေ့ရှိသည်။ ခြင်ကျားသည် အရုဏ်ဦးအချိန်နှင့် ညနေစောင်းအချိန်တွင်လည်း ကိုက်တတ်သည်။ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများမှာ နှစ်ရက်မှ ခုနစ်ရက်ခန့် အပြင်းဖျားတတ်သည်။ ဖျားသောအခါတွင် နှစ်ရက်၊ သုံးရက်ခန့်အထိ အဖျားတက်သည်။ ဆက်တိုက်အဖျားမကျပါက ပိုမိုဆိုးရွားလာတတ်သည်။ ပျို့အန်ခြင်းနှင့် ခန္ဓာကိုယ်တွင် အနီစက်များထွက်ခြင်းဖြစ်တတ်ပြီး ဝမ်းဗိုက်နာတတ်ခြင်း၊ သွေးလန့်သည့် လက္ခဏာများ ခံစားရတတ်သည်။ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စာရင်းများအရ လှိုင်သာယာ၊ ဒလ၊ တောင်ဒဂုံ၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်းစသော မြို့နယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များသည်ဟု သိရသည်။ ရောဂါဖြစ်ပွားမှုများသည့် မြို့နယ်ရှိလူထုအနေဖြင့် ပိုးလောက်လမ်းနှိမ်နင်းခြင်းကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးဖြစ်ပွားစေသည့် ခြင်သည် ရေကြည် ရေသန့်တွင် ပေါက်ပွားသည့် ခြင်အမျိုးအစားဖြစ်ကာ ခြင်မပေါက်မီ ပိုးလောက်လမ်းဘဝမှစတင်၍ စနစ်တကျ နှိမ်နင်းနိုင်ပါမှ ရောဂါဖြစ်ပွားမှုနှုန်း လျှော့ချနိုင်မည်ဖြစ်သည်။ ပြည်သူလူထုဘက်ကလည်း ဖုံး၊ သွန်၊ ခတ်၊ စစ်၊ လောင်း၊ ထောင်၊ လဲ၊ ဖွင့်၊ မြှုပ်၊ ရှင်း၊ ထည့်ဟူသော ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အားလုံးပူးပေါင်းဆောင်ရွက်ကြရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နှိုးဆော်ထားသည်။

မိုးတွင်းကာလသို့ရောက်ရှိပြီဆိုပါက ဝမ်းပျက်ဝမ်းလျှောရောဂါသည်လည်း ထက်ကြပ်မကွာပါလာစမြဲပင်ဖြစ်သည်။ အသီးအနှံများ လွန်စွာပေါများသော်လည်း သန့်ရှင်းလတ်ဆတ်သည်များကိုသာ ရွေးချယ်စားသုံးသင့်သည်။ အမှည့်လွန်အသီးများကလည်း ဝမ်းပျက်ဝမ်းလျှောရောဂါကို ဖြစ်စေတတ်သဖြင့် အစားအသောက်ကြောင့်သော်လည်းကောင်း၊ အစားအစာကိုင်တွယ်သူများ၏ မသန့်ရှင်းမှုများကြောင့်သော်လည်းကောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကို ဖြစ်စေနိုင်သည်။ အစားအစာများကို ကိုယ်တိုင်ချက်ပြုရာ၌လည်းကောင်း၊ အစားအသောက် ကိုင်တွယ်ရောင်းချသူများအနေဖြင့်လည်းကောင်း လက်သန့်ရှင်းရေးသည် အလွန်အရေးကြီးသည်။

သွေးလန့်သည့်လက္ခဏာများမှာ ဖျားရာမှ ရုတ်တရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အဖျားကျသော်လည်း ကလေးမှာ စားခြင်း၊ ကစားခြင်းမရှိဘဲ မှိန်းနေခြင်း သို့မဟုတ် ဂနာမငြိမ်ဖြစ်ခြင်း၊ မကြာခဏ အော့အန်ခြင်း၊ အန်သည့်အရည်တွင် အညိုရောင်အဖတ်အမျှင်လေးများ ပါလာခြင်းတို့ဖြစ်သည်။ နှာခေါင်းသွေးလျှံခြင်း၊ သွားဖုံးမှ သွေးထွက်ခြင်းနှင့်ကတ္တရာစေးရောင် ဝမ်းအမည်းသွားခြင်းလက္ခဏာများလည်း ဖြစ်နိုင်သည်။ ကလေးငယ်များသည် ထိခိုက်လွယ်သောအရွယ်များဖြစ်၍ ပိုပြီးစိုးရိမ်ရသဖြင့် သတိကြီးစွာ ထားဖို့လိုအပ်သည်။

ကန်ရေ၊ တွင်းရေများနှင့် မသန့်ရှင်းသောရေများကို အသုံးပြုမိပါကလည်း ဖြစ်စေနိုင်သည်။ မသန့်ရှင်းသောရေမဖြစ်စေရန် ရေကိုကျိုချက်၍ သောက်သုံးသင့်သည်။ အစားအသောက်များကိုလည်း ပူပူနွေးနွေးစားသင့်သကဲ့သို့ အစားအစာများကို ယင်လုံအောင် ထားရမည်ဖြစ်သည်။

တစ်နေ့စာ တစ်နေ့ချက်ထားသော ထမင်း၊ ဟင်းများကို ကုန်အောင်စားသုံးရမည်ဖြစ်သည်။ ရက်ကျန် အစားအစာများကို နွှေး၍ စားသုံးခြင်းများ မပြုလုပ်သင့်ပေ။ အားအင်ကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းများကို ခံစားရပြီး ပြင်းထန်ပါက အသက်ဆုံးရှုံးနိုင်သည့်အတွက် မပေါ့ဆသင့်ဘဲ သတိပြုရန် လိုအပ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်နေပါက အစားအသောက်များစားနိုင်သည်။ စွပ်ပြုတ်ရည်၊ ဓာတ်ဆားရည်စသော အားရှိမည့်အစားအသောက်များကို ဝင်အောင်ကျွေးရမည်ဖြစ်သည်။ အစာပျော့ပျော့ကို ကျွေးရမည်။ ကော်ဖီ၊ လက်ဖက်ရည်၊ ချောကလက်စသော အညိုရောင်ပါသော အစားအသောက်များကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါပြင်းထန်လာပါက ကော်ဖီရောင် အန်တတ်ခြင်းကြောင့်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါအတွက် သီးခြားကုထုံးမရှိဟု သိရသည်။ ရောဂါကို ဆောလျင်စွာသိရှိပြီး သေချာကုသမှုခံယူပါက သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

ခြင်ကောင်ကြီးဘဝ နှိမ်နင်းခြင်းထက် ပိုးလောက်လမ်းဘဝတွင် သုတ်သင်ရှင်းလင်းမှ သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်နိုင်မည်ဖြစ်သည်။ အိမ်တိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့တိုင်း၌ ပြည်သူများအားလုံး ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ တစ်ပြိုင်နက် ဆောင်ရွက်ရမည်ဖြစ်သလို ကျောင်းများတွင်လည်း သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောပို့ချရမည်ဖြစ်သည်။ ခန်းဆီးလိုက်ကာများ ခြင်ထောင်များကို ပိုးသတ်ဆေးစိမ်ပေးရပါမည်။ မိုးရာသီတွင် ကျောင်းသား ကျောင်းသူများ ဖျားပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြရမည်ဖြစ်သည်။

ရောဂါပိုးများသည် လေမှတစ်ဆင့် ကူးစက်နိုင်သည့်အတွက် နှာချေ၊ ချောင်းဆိုးသည့်အခါများတွင် ပါးစပ် နှင့် နှာခေါင်းများကို လက်ကိုင်ပဝါ၊ တစ်ရှူးများအပြင် မိမိ၏ လက်မောင်းကိုအသုံးပြု၍ အုပ်ဆိုးခြင်းက ပိုမိုထိရောက်နိုင်သည်။ ထို့အပြင် လူနာကို ထိတွေ့မိသူများအနေဖြင့် လက်ကို စနစ်တကျဆေးသင့်ပြီး အရာဝတ္ထုတစ်ခုခုကို ကိုင်တွယ်ပြီးချိန်တိုင်း၊ မကိုင်တွယ်မီအချိန်တိုင်း၌ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောသင့်သည်။

ရာသီတုပ်ကွေး၏ လက္ခဏာများမှာ ချောင်းခြောက်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်များကိုက်ခဲခြင်း၊ နှုံးခွေခြင်းများ ဖြစ်နိုင်သည်။ ထိုကဲ့သို့ လက္ခဏာများထက် ကျော်လွန်၍ ပြင်းထန်အဆင့်ကို ရောက်ရှိပါက အဖျားကြီးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အသက်ရှူရန် ခက်ခဲခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်းစသည့် လက္ခဏာများဖြစ်ပေါ်ပါက ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက် ပြသသင့်သည်။ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဆား၊ စက်ဆီဟောင်းများလောင်းထည့်ခြင်း၊ ဘယ်အချိန်အိပ်အိပ် ခြင်ထောင်ထောင်အိပ်သင့်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်ကျားကိုက်ခံရ၍ ဖြစ်သောကြောင့် ခြင်ကိုက်မခံရအောင် ခြင်ထောင်နှင့် အိပ်ရမည်ဖြစ်သည်။ ခြင်ကိုက်မခံရအောင် ဆေးစိမ်ခြင်ထောင် အသုံးပြု၍ အိပ်ပါက ပိုကောင်းသည်။ မိုးရာသီတွင် ကလေးများဖျားနာလျှင် သွေးလွန်တုပ်ကွေးရောဂါဖြစ်နိုင်၍ ဂရုပြုသတိထား စောင့်ကြည့်ရမည်ဖြစ်သည့်အပြင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးကို လူတိုင်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ မိမိပတ်ဝန်းကျင်အနီးရှိ အိမ်တိုင်း၊ ရပ်ကွက်တိုင်း ကျောင်းအားလုံး သန့်ရှင်းမှသာ ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**"ရာသီတုပ်ကွေး၏လက္ခဏာများမှာ ချောင်းခြောက်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်များကိုက်ခဲခြင်း၊ နှုံးခွေခြင်းများဖြစ်နိုင်သည်။ ထိုကဲ့သို့လက္ခဏာများထက် ကျော်လွန်၍ ပြင်းထန်အဆင့်ကို ရောက်ရှိပါက အဖျားကြီးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အသက်ရှူ ရန် ခက်ခဲခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်းစသည့် လက္ခဏာများဖြစ်ပေါ်ပါက ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက် ပြသသင့်"**

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၃) ရက် (စနေနေ့)




" Rebuild Better Together "

"လူမှုစီးပွားပိုမိုတိုးတက်ကောင်းမွန်ဖို့ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်စို့"

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)မှ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့် ပတ်သက်၍ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားနိုင်ရန်အတွက်(၂၂-၆-၂၀၂၁)ရက်နေ့၊ နံနက်(၀၈၀၀)နာရီမှ စတင်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ်-၄၊ နေပြည်တော်တွင် သတင်းအချက်အလက် များ မေးမြန်းစုံစမ်းရန်ဌာန (Call Center)အား ဖွင့်လှစ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့ သိရှိလိုသည့် ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ အချက်အလက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center)ရှိ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ နေ့စဉ် နံနက်(၀၈၀၀)နာရီမှ ည (၂၁၀၀) နာရီအတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည် -

(၁) ၀၆၇- ၃၄၁၁၅၀၈
(၂) ၀၆၇- ၃၄၁၁၅၀၉
(၃) ၀၆၇- ၃၄၁၁၁၄၄
(၄) ၀၉- ၈၈၂၅၅၇၉၉၁
(၅) ၀၉- ၈၈၂၅၅၇၉၉၂
(၆) ၀၉- ၈၈၂၅၅၇၉၉၃

**သတင်းစဉ်**

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

*စာမျက်နှာ ၉ မှ*

နှစ်ရှည်ချေးငွေဖြင့် အတိုးမဲ့ချေးငှားသည် ဖြစ်စေ ရာခိုင်နှုန်းတော်တော်များများသည် ငွေသားမပေးဘဲ ပစ္စည်းကိုသာ ယူရသောအနှောင်အဖွဲ့အား ကြုံတွေ့ရမည် ဖြစ်ပါသည်။ အဆိုပါပစ္စည်းသည် မိမိနိုင်ငံ/ အဖွဲ့အစည်းအနေဖြင့် လက်ခံရာတွင် မှန်ကန်သောတန်ဖိုးဖြစ်စေရေး၊ စံချိန်မီသော အရည်အသွေးရှိစေရေးနှင့် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုမဖြစ်စေရေးဆိုသော အချက် များကို အလေးထား၍ စဉ်းစားဆုံးဖြတ်စေလိုခြင်း ဖြစ်ပါသည်။

### သယံဇာတတူးဖော်ခြင်း

အချို့သောနေရာများတွင် ဝင်ရောက်လာသော in kind သည် စက်ပစ္စည်းများဖြစ်ပါမည်။ (ဥပမာ- မြေတူးစက်၊ မြေကော်စက်၊ မြေသယ်ယာဉ်) စသည်တို့ ဖြစ်ပါသည်။ မူလတင်ပြခဲ့သလိုပင် တန်ဖိုးအမှန်ဖြစ်ချင်ဖြစ်ပါမည် (သို့မဟုတ်) ပိုချင်ပိုပါမည်။ ယင်းစက်များသည် မိမိနိုင်ငံအတွင်း သယံဇာတတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး စက်များမှာလည်း သက်တမ်းကုန်ခြင်း၊ ချွတ်ယွင်းခြင်း၊ ပျက်စီးခြင်းများအပြင် မိမိတို့သယံဇာတလည်း ကုန်ပါမည်။ ဂေဟစနစ်လည်း ပျက်စီးပါမည်။ Project ပြီးဆုံးလျှင် ရင်းနှီးငွေက in kind ဖြစ်သော်လည်း ပြန်လည်ပေးဆပ်ရာတွင် အမေရိကန်ဒေါ်လာ ငွေသားပေးရပြီး စက်များက infrastructure အနေဖြင့် ဆက်လက်သုံး၍ ရချင်မှ ရတော့မည် ဖြစ်ပါသည်။ (သို့မဟုတ်) အတိုင်းအတာတစ်ခု ပျက်စီးချွတ်ယွင်းမည်ဖြစ်ပါသည်။

### တန်ရာတန်ကြေးမဖြစ်လျှင် ဆုံးရှုံးနစ်နာ

သို့ဖြစ်ပါ၍ နိုင်ငံတော်က in kind အနေဖြင့်ယူလာပြီး ပြန်လည်ပေးဆပ်ရာတွင် နိုင်ငံခြားငွေဖြင့် ပေးချေရပါသည်။ မိမိလက်ခံရရှိသော in kind သည် တန်ရာတန်ကြေးမဖြစ်လျှင် ဆုံးရှုံးနစ်နာပါမည်။ Project ပြီးဆုံး၍ ပစ္စည်းကျန်ခဲ့သော်လည်း ရာခိုင်နှုန်းပြည့် သုံးမရတော့သည့်အပြင် Project က မိမိသယံဇာတများ လျော့ပါးဆုံးရှုံးခြင်းသာ အဖတ်တင်ပါမည်။ ထိုသို့သော လုပ်ငန်းများသည် Foreign Direct Investment (FDI) ဖြစ်သော်လည်း မိမိနိုင်ငံအနေဖြင့် နိုင်ငံခြားငွေလည်း လျော့ပါးသွားပါမည်။ သယံဇာတလည်း ဆုံးရှုံးပြီး ပစ္စည်း လက်ကျန်က သုံးမရသောအခြေအနေမျိုး ဖြစ်တတ်ပါသည်။ မည်သို့ ပင်ဖြစ်စေ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာဖြင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်နေကြသည်ဖြစ်သော်ငြားလည်း စနစ်တကျစိစစ်နိုင်မှု၊ သုံးသပ်နိုင်မှုများ ဖြည့်စွက်လုပ်ဆောင်မှသာ ရည်မှန်းချက်အပြည့်အဝအောင်မြင်ပြီး နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုများ လျော့နည်းမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရသည်။

## သထုံခရိုင်အတွင်း သောက်သုံးရေရရှိရေးနှင့် ကုန်ထုတ်လမ်းတံတား လုပ်ငန်းများဆောင်ရွက်

**သထုံ ဇွန် ၂၇**

မွန်ပြည်နယ် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်ရှိ ကျေးရွာများတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးနှင့် ထုတ်ကုန်၊ ထွက်ကုန်များ လျင်မြန်ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေပေးရေး လုပ်ငန်းများအနေဖြင့် တွင်းတိမ် ၁၁ တွင်း၊ လက်တူးတွင်း နှစ်တွင်း၊ ရေပေးရေးလုပ်ငန်း နှစ်ခုနှင့် ကုန်ထုတ်လမ်း လေးလမ်း၊ ကွန်ကရစ်တံတား လေးစင်း၊ ရေပြွန်တံတား နှစ်စင်း၊ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ သုံးထပ် ဆောက်လုပ်ခြင်းကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေပေးရေး လုပ်ငန်းများအနေဖြင့် လက်တူးတွင်း တစ်တွင်း၊ အခြားရေပေးရေးလုပ်ငန်း လေးခု၊ ကုန်ထုတ်လမ်း သုံးလမ်း၊ ကွန်ကရစ်တံတား တစ်စင်း၊ ရေပြွန်တံတား နှစ်စင်းတို့ကို လည်းကောင်း၊ ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေပေးရေးလုပ်ငန်းအနေဖြင့် တွင်းနက် ရှစ်တွင်း၊ တွင်းတိမ် သုံးတွင်း၊ လက်တူးတွင်း တစ်တွင်း၊ စိမ့်စမ်းရေ သွယ်လုပ်ငန်း တစ်ခု၊ အခြားရေပေးရေးလုပ်ငန်း တစ်ခုနှင့် ကျေးလက်ကုန်ထုတ်လမ်း ၁၀ လမ်း၊ ကွန်ကရစ်တံတား လေးစင်း၊ ရေပြွန်တံတားတစ်စင်းကိုလည်းကောင်း၊ ပေါင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေပေးရေးလုပ်ငန်းများအနေဖြင့် တွင်းနက် သုံးတွင်း၊ မြေသား ရေကန် ငါးကန်၊ အခြားရေပေးရေးလုပ်ငန်း သုံးခုနှင့် ကုန်ထုတ်လမ်း သုံးလမ်း၊ ကွန်ကရစ်တံတား ခြောက်စင်းကို လည်းကောင်း ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

## စဥ့်ကိုင်မြို့နယ် စွန်ရဲအင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**နေပြည်တော် ဇွန် ၂၇**

ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုဖမ်းယူစားသုံးနိုင်ရေးအတွက် သဘာဝရေပြင်၊ မြစ်၊ ချောင်း၊ ဆည်တမံများအတွင်း ငါးမျိုးများ စိုက်ထည့်လျက်ရှိရာ ဇွန် ၂၅ ရက်က စဥ့်ကိုင်မြို့နယ် စွန်ရဲအင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပသည်။




ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ လေကြောင်းရန်ကာကွယ်ရေးတပ်နယ်မှူး ဗိုလ်ချုပ်သိန်းထွေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငါးမွေးကန်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပြီး သရက်ကုန်း ငါးလုပ်ငန်းစခန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်း၊ ကူမဲ ငါးလုပ်ငန်းစခန်းနှင့် ရေနံ့သာငါးလုပ်ငန်း စခန်းတို့မှ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ငါးခုံးမကြီး လေးသိန်း၊ ရွှေဝါငါးကြင်း တစ်သိန်း၊ ငါးမြစ်ချင်း လေးသိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ကိုးသိန်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စဥ့်ကူးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၉ ရက်က မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အဆိုပါအစည်းအဝေးသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးဟန်သိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးထွန်းသန်းနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ တားဆီးရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ စည်းကမ်းချက်ဖောက်ဖျက်မှုနှင့်ပတ်သက်၍ ဗြိတိန်ကျန်းမာရေးဝန်ကြီး ရာထူးမှ နုတ်ထွက်

**လန်ဒန် ဇွန် ၂၇**

ဗြိတိန် ကျန်းမာရေးဝန်ကြီး မတ်ဟန်ကော့သည် အစိုးရ၏ လူမှုဝေးကွာအစီအစဉ်ဖောက်ဖျက်မှုအတွက် ဇွန် ၂၆ ရက်က ရာထူးမှ နုတ်ထွက်သည်ဟု သိရသည်။

မတ်ဟန်ကော့သည် ၎င်း၏ လက်ထောက်ဖြစ်သူနှင့် အတူ ပွေ့ဖက်နေသည့်ပုံကို သတင်းစာတွင် ဖော်ပြခံရပြီးနောက် ရာထူးမှ နုတ်ထွက်ရန်အတွက် ပြင်းထန်သည့် ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသည်။ အဆိုပါ ဓာတ်ပုံမှာ မေလအစောပိုင်း လောက်က ရိုက်ထားမိသည့်ပုံဖြစ်ပြီး ထိုစဉ်က ဗြိတိန်အစိုးရသည် မည်သူမဆို နေအိမ်ပြင်ပတွင် လူအချင်းချင်း ခပ်ခွာခွာနေရန် အမိန့်ထုတ်ထားသည့်ကာလလည်း ဖြစ်သည်။

ကိုဗစ် - ၁၉ စည်းကမ်းချက်များကို ချိုးဖောက်မိသည့်အတွက် တောင်းပန်ကြောင်း စာတစ်စောင်ကို မတ်ဟန်ကော့က ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ထံ ဇွန် ၂၆ ရက်က ပေးပို့ခဲ့သည်။

ဗြိတိန်နိုင်ငံအတွင်း နေထိုင်ကြသူများ၏ စွန့်လွှတ်အနစ်နာခံမှုများကို ကောင်းစွာ သိနားလည်ကြောင်း၊ ၎င်း၏ လုပ်ရပ်အတွက် ရာထူးမှ နုတ်ထွက်လိုက်ကြောင်း တွစ်တာပေါ်တွင် တင်ထားခဲ့သည်။

ယခင် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဆာဂျစ်ဂျာဗက်ကို ကျန်းမာရေးဝန်ကြီးသစ် အဖြစ်ရွေးချယ်ထားသည်။ ၎င်းသည် ဗီဇပြောင်း ကိုဗစ် - ၁၉ ဒယ်တာကြောင့် ကူးစက်မှုများပြားလာခြင်းကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် ဇွန် ၂၆ ရက် တစ်ရက်တည်းတွင်ပင် နောက်ထပ်ရောဂါ ကူးစက်ခံရသူ ၁၈၀၀၀ ကျော် တွေ့ရှိခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



ဗြိတိန်ကျန်းမာရေးဝန်ကြီး မတ်ဟန်ကော့။

## ဗြိတိန်နိုင်ငံတွင် ဖေဖော်ဝါရီလ အစောပိုင်းမှစတင်ကာ ကိုဗစ် - ၁၉ နေ့စဉ်ကူးစက်မှု အမြင့်ဆုံးဖြစ်လာ

**လန်ဒန် ဇွန် ၂၇**

ဗြိတိန်နိုင်ငံတွင် ဇွန် ၂၅ ရက်က ကိုဗစ် - ၁၉ ကူးစက်ခံရမှုပေါင်း ၁၈၂၇၀ အထိ ရှိခဲ့ပြီး ယင်းပမာဏမှ ဖေဖော်ဝါရီလ အစောပိုင်းမှစ၍ အမြင့်ဆုံးပမာဏပင်ဖြစ်သည်ဟု ဇွန် ၂၆ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် - ၁၉ ကူးစက်ခံရသူပမာဏမှာ ၄၇၁၇၈၁၁ ဦးရှိသည်ဟု သိရသည်။ ကိုဗစ် - ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ အရေအတွက်မှာ ၂၃ ဦး တိုးလာသည့်အတွက် သေဆုံးသူ စုစုပေါင်းမှာ ၁၂၈၀၈၉ ဦး ရှိလာသည်။

ဗြိတိန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကာကွယ်ဆေးပထမအကြော့ ထိုးပြီးသူ ၄၄ သန်းရှိပြီး ၃၂ ဒသမ ၂ သန်းမှာ နှစ်ကြိမ်ကာကွယ်ဆေး ထိုးပြီးကြပြီးဖြစ်သည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဗီဇပြောင်း ကိုဗစ် - ၁၉ ဒယ်တာကူးစက်ခံရသူ ၃၅၂၀၄ ဦး ရှိသည်ဟု သိရသည်။

အင်္ဂလန်ပြည်သူ့ကျန်းမာရေး အဖွဲ့၏ ထုတ်ဖော်ပြောကြားမှုအရ အက်စ်ထရာဇနီကာ ကာကွယ်ဆေးသည် ဗီဇပြောင်း ဒယ်တာကြောင့် ဆေးရုံတက်ရခြင်းကို ၉၂ ရာခိုင်နှုန်းကာကွယ်ပေးပြီး ဖိုက်ဇာကာကွယ်ဆေးသည် ၉၆ ရာခိုင်နှုန်း ကာကွယ်ပေးသည်ဟု သိရသည်။

**ဆင်ဟွာ**

## ပီရူးနိုင်ငံတွင် ကိုဗစ် -၁၉ ဗီဇပြောင်းဒယ်တာ ကူးစက်မှု လေးဦးမြောက် တွေ့ရှိ

**လီမာ ဇွန် ၂၇**

ပီရူးနိုင်ငံတွင် ဗီဇပြောင်းကိုဗစ် - ၁၉ ဒယ်တာ ကူးစက်မှု လေးဦး တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီး အော်စကာအူဂါတီက ဇွန် ၂၆ ရက်တွင် ပြောကြားခဲ့သည်။

လေးဦးမြောက် ကူးစက်မှုတွေ့ရှိပြီးနောက်တွင် ကျန်းမာရေးဝန်ကြီးဌာနက အဆိုပါလူနာနှင့် ထိတွေ့မိသူများအားလုံးကို ဆေးစစ်ရန်နှင့် သီးခြားခွဲထားရန် အမိန့်ထုတ်ထားခဲ့သည်။ အခြားသော ခရိုင်များသို့ အဆိုပါ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ခြင်း မရှိစေရေးအတွက်လည်း တင်းကျပ်သည့် ကူးစက်ရောဂါဆိုင်ရာ စည်းကမ်းချက်များ ချမှတ်ထားသည်ဟု သိရသည်။

ဇွန် ၂၅ ရက်တွင် ဒယ်တာကူးစက်ခံရသူ သုံးဦးမြောက်ကို တွေ့ရှိခဲ့ပြီး ယင်းတွေ့ရှိပြီးသား နှစ်ဦးနှင့် ထိတွေ့ဆက်ဆံမှု မရှိသူဟု အမျိုးသားကျန်းမာရေး အင်စတီကျုက ဇွန် ၂၆ ရက်တွင် အတည်ပြုခဲ့သည်။ ပီရူးနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၂၀၄၃၂၆၂ ဦးရှိပြီး သေဆုံးသူ ၁၉၁၄၄၇ ဦးရှိသည်ဟု ပီရူး ကျန်းမာရေးဌာန၏ ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံတွင် နေ့စဉ် ကိုဗစ် - ၁၉ ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်နေ

**ဂျကာတာ ဇွန် ၂၇**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်မှုပြန်လည်များပြားလာခြင်းနှင့် ရင်ဆိုင်နေရပြီး နေ့စဉ်ကူးစက်မှုနှုန်းမှာ ဇွန် ၂၆ ရက်က ၂၀၀၀၀ ကျော်ရှိခဲ့ပြီး ကူးစက်မှုအများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် ကိုဗစ် - ၁၉ ကူးစက်မှု အများဆုံးနိုင်ငံလည်းဖြစ်သည်။ နိုင်ငံအတွင်း နေ့စဉ်ကူးစက်မှုနှုန်းမှာ ကူးစက်မှုများ ပြန်လည်များမလာစဉ်က ယာယီအားဖြင့် ၂၄၀၀ အထိ ကျဆင်းခဲ့ဖူးသည်။

ယခုလအစောပိုင်းတွင် ကူးစက်မှုများ ပြန်လည်များပြားလာပြီး ဇွန် ၂၆ ရက်တွင် ကူးစက်ခံရသူ ၂၁၀၉၅ ဦးအထိ တွေ့ရှိခဲ့ရသည်။

အိန္ဒိယနိုင်ငံတွင် ပထမဆုံးတွေ့ရှိရသည့် ကိုဗစ် - ၁၉ ဗီဇပြောင်း ဒယ်တာကူးစက်မှုမှာ အင်ဒိုနီးရှားနိုင်ငံတွင် ပျံ့နှံ့နေပြီဟု သိရသည်။ တိုင်းပြည်အတွင်းရှိ ကျန်းမာရေးစနစ်မှာလည်း ရုန်းကန်နေရသည်။ မြို့တော်ဂျကာတာတွင် ကိုဗစ် - ၁၉ လူနာများအတွက် ပြုလုပ်ထားသောလူနာ ခုတင် ၉၀ ရာခိုင်နှုန်းကျော်မှာလည်း လူနာများနှင့် ပြည့်နက်နေသည်။

အနောက်ဂျာဗားပြည်နယ်တွင် လူနာခုတင်ပြတ်တောက်မှုကြောင့် ဆေးရုံပြင်ပတွင် လူနာများအတွက် ယာယီတဲများ ထိုးထားရသည်။

**အင်န်အိတ်ချ်ကေ**




ဆေးရုံအပြင်ဘက်တွင် အရေးပေါ်တဲများ ဆောက်လုပ်ကာ လူနာများ ကုသပေးနေရစဉ်။



အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့တွင် သွားလာနေကြသူများကို မေ ၅ ရက်က တွေ့ရစဉ်။

## အစ္စရေးနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၁၄၇ ဦးအထိ ရှိလာခဲ့ပြီး မေ ၅ ရက်နောက်ပိုင်း အများဆုံးဖြစ်

**ဂျေရုဆလင် ဇွန် ၂၇**

အစ္စရေးနိုင်ငံတွင် ဇွန်၂၆ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၄၇ ဦးအထိ ရှိလာခဲ့ပြီး ယင်းပမာဏမှာ မေ ၅ ရက်နောက်ပိုင်းတွင် အများဆုံးအဖြစ် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဇွန် ၂၆ ရက်တွင် အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ နောက်ထပ် ကူးစက်ခံရသူ ၁၇၅ ဦးရှိပြီး တိုင်းပြည်အတွင်း စုစုပေါင်း ကူးစက်ခံရသူ ၈၄၀၈၁၃ ဦး ရှိလာခဲ့သည်။

ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ အရေအတွက်မှာမူ ၆၄၂၉ ဦးတွင် မပြောင်းလဲဘဲရှိသည်။ စိုးရိမ်ရသည့် လူနာအရေအတွက်မှာမူ ၂၇ ဦးမှ ၂၆ ဦးအထိ ကျဆင်းခဲ့သည်။ ပြန်လည် ကျန်းမာလာသူ အရေအတွက်မှာ ၈၃၃၂၃၇ ဦး ရှိလာသည်။

ကာကွယ်ဆေး ထိုးပြီးသူ အရေအတွက်မှာ ၅၉ ဒသမ ၄ ရာခိုင်နှုန်းရှိလာခဲ့သည်။ ဇွန် ၂၅ ရက်တွင် အစ္စရေးနိုင်ငံ၌ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန် စည်းကမ်း ပြန်လည်သတ်မှတ်ခဲ့သည်။

အစ္စရေးနိုင်ငံတွင်း အဆောက်အအုံအတွင်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမည့် အမိန့်ကို ဇွန် ၁၅ ရက်က ဖယ်ရှားပေးခဲ့သည်။ သို့သော်လည်း ယင်းနောက်ပိုင်းတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှု ရာနှင့်ချီ၍ တွေ့လာရသည်။

**ဆင်ဟွာ**

# ကိုဗစ်- ၁၉ ကန့်သတ်စောင့်ကြည့်မှုတွေကို ပိုပြီးလုပ်ဆောင်တော့မယ့် အင်ဒိုနီးရှား

ထွန်းကျော်



> “အစိုးရဟာ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုကို ရပ်တန့်စေဖို့ အသေးစိတ် ကန့်သတ်ပိတ်ဆို့မှုတွေကို ကျေးရွာအဆင့်မှာလုပ်ရင် အသင့်တော်ဆုံးလား ဒါမှမဟုတ် လူမှုအသိုင်းအဝိုင်းထဲမှာရှိတဲ့ ပြဿနာရင်းမြစ်ကိုပဲ တိုက်ရိုက်ဦးတည်မလားဆိုတာကို စဉ်းစားခဲ့”

အင်ဒိုနီးရှားနိုင်ငံမှာ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုတွေ တိုးလာတဲ့အချိန်မှာ တချို့ပညာရှင်တွေက အင်ဒိုနီးရှားနိုင်ငံအနေနဲ့ သီးသန့် ကန့်သတ်စောင့်ကြည့်မှုတွေကို အပြည့်အဝ လုပ်ဆောင်သင့်တယ်လို့ အကြံပေးထားပါတယ်။ ဒါပေမယ့် အင်ဒိုနီးရှားအစိုးရကတော့ အစုလိုက်လှုပ်ရှားဆောင်ရွက်မှုတွေအပေါ် အလုံပိတ်ကန့်သတ်လိုက်တာထက်စာရင် တင်းကျပ်စွာ ကန့်သတ်တားဆီးဖို့ကို ပိုပြီး လိုလားတာကို တွေ့ရပါတယ်။

**သီးသန့်ကန့်သတ်စောင့်ကြည့်မှုတွေ လုပ်ဆောင်သင့်**

ကျန်းမာရေးဝန်ကြီးဌာနက အင်ဒိုနီးရှားနိုင်ငံမှာ လွန်ခဲ့တဲ့ ၂၄ နာရီက ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၁၀၉၅ ဦးရှိတယ်လို့ ဇွန် ၂၆ ရက်က သတင်းထုတ်ပြန်ခဲ့ပါတယ်။ အဲဒီပမာဏဟာ နိုင်ငံအတွင်း ကိုဗစ်–၁၉ ပထမဆုံး စတင်တွေ့ရှိခဲ့တဲ့ လွန်ခဲ့တဲ့နှစ် မတ်လမှစကာ အမြင့်ဆုံး တစ်နေ့အတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု ပမာဏပဲ ဖြစ်ပါတယ်။

အခုတော့ နိုင်ငံအတွင်းမှာ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းဟာ ၂၀၉၃၉၆၂ ဦး ရှိလာခဲ့ပါပြီ။ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို လုံးဝ ရပ်တန့်သွားဖို့ အထူးသဖြင့် ဒယ်တာပလက်စ် ကိုဗစ်– ၁၉ အသွင်ပြောင်းမျိုးစိတ်သစ်ကို လုံးဝ ရပ်တန့်နိုင်ဖို့ သီးသန့်ကန့်သတ် စောင့်ကြည့်မှုကို အပြည့်အဝ လုပ်ဆောင်သင့်တယ်လို့ အကြံပေးခဲ့တဲ့ အင်ဒိုနီးရှားတက္ကသိုလ်ရဲ့ ကူးစက်ရောဂါဆိုင်ရာ ပြန့်ပွားခြင်းနဲ့ ကာကွယ်ခြင်းဆိုင်ရာ ပညာရှင်ကတော့ ထရီယူနစ်မီကို ဝါယိုနိုဖြစ်ပါတယ်။

**အင်တိုက်အားတိုက်လုပ်ဆောင်သင့်**

ကိုဗစ်– ၁၉ မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ဖို့ဆိုရင်တော့ ပိုပြီး အင်တိုက်အားတိုက် လုပ်ဆောင်သင့်ပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ ပြည်နယ်အတော်များများမှာ အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုတွေလုပ်ဆောင်သင့်ပါတယ်လို့ ဝါယိုနိုရဲ့ အကြံပြုချက်တွေကို အန်တာရာ သတင်းအေဂျင်စီက ဒီသီတင်းပတ်ရဲ့ အစောပိုင်းမှာ ဖော်ပြထားပါတယ်။

သူ့ရဲ့ အကြံပြုပြောကြားချက်အရ ကိုဗစ်– ၁၉ မျိုးစိတ်သစ်က ပိုပြီးကူးစက်မှုမြန်ဆန်တဲ့အတွက် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ဟာ မကြာသေးမီအချိန်လေးအတွင်း တစ်ဟုန်ထိုးတက်လာခဲ့ပါတယ်။ ဒါကြောင့်မို့ အလုံပိတ်ကန့်သတ်ပိတ်ဆို့ရမယ်လို့ သူက ပြောပါတယ်။ အလုံပိတ်ကန့်သတ် ပိတ်ဆို့တာက ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရုံတင်မဟုတ်ဘဲ နောက်ထပ် ကိုဗစ်–၁၉ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားမှုကို ရပ်တန့်ဖို့ဖြစ်ပါတယ်။

**ရန်ပုံငွေတိုးမြှင့်သင့်**

အစိုးရအနေနဲ့ ကိုဗစ်– ၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာ ရန်ပုံငွေတိုးမြှင့်သင့်တယ်လို့ သူက ပြောပါတယ်။ အလုံပိတ်ကန့်သတ်ပိတ်ဆို့ခြင်းကို အကောင်အထည်ဖော်တဲ့အခါ ကိုဗစ်–၁၉ စစ်ဆေးမှုတွေကိုလည်း အရှိန်မြှင့်လုပ်ဆောင်သင့်ပြီး ပြည်သူတွေကိုလည်း ထောက်ပံ့သင့်တယ်လို့ သူက အကြံပြုပြောကြားထားပါတယ်။

အင်ဒိုနီးရှားသမ္မတ ဂျိုကို ဝီဒိုဒိုက အစိုးရအနေနဲ့ အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုတွေကို အကောင်အထည်ဖော်ဖို့ ပါတီအတော်များများရဲ့ အကြံပေးချက်တွေကို လက်ခံရရှိခဲ့တယ်လို့ ဇွန် ၂၃ ရက်က ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် လူထုလှုပ်ရှားဆောင်ရွက်မှုတွေအပေါ် အသေးစိတ်ကန့်သတ်ပိတ်ဆို့မှုတွေနဲ့ ပတ်သက်ပြီး စဉ်းစားနေရပါတယ်။

**အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစား**

သမ္မတက အစိုးရတစ်ရပ်အနေနဲ့ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို ကိုင်တွယ်ဖြေရှင်းရာမှာ စီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေတွေနဲ့ တခြားနိုင်ငံတွေရဲ့ ကိုဗစ်–၁၉ ဖြစ်စဉ်တွေကို ထည့်သွင်းစဉ်းစားပြီး ရွေးချယ်မှုအတော်များများကို လုပ်ဆောင်နေတယ်လို့ ပြောပါတယ်။

အစိုးရဟာ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို ရပ်တန့်စေဖို့ အသေးစိတ်ကန့်သတ်ပိတ်ဆို့မှုတွေကို ကျေးရွာအဆင့်မှာလုပ်ရင် အသင့်တော်ဆုံးလား ဒါမှမဟုတ် လူမှုအသိုင်းအဝိုင်းထဲမှာရှိတဲ့ ပြဿနာရင်းမြစ်ကိုပဲ တိုက်ရိုက်ဦးတည်မလားဆိုတာကို စဉ်းစားခဲ့ပါတယ်။

**လက်ရှိအချိန်မှာအသင့်တော်ဆုံးဖြစ်**

အစိုးရဟာ အင်ဒိုနီးရှားနိုင်ငံအတွင်းမှာရှိတဲ့ ပြည်နယ်ပေါင်း ၃၄ ခုမှာ ဇွန် ၂၂ ရက်ကနေပြီး ဇူလိုင် ၅ ရက်အထိ အသေးစိတ်ကန့်သတ်ပိတ်ဆို့မှုကာလကို တိုးမြှင့်လိုက်ပါတယ်။

အသေးစိတ်ကန့်သတ်ပိတ်ဆို့မှု မူဝါဒဟာ လက်ရှိအခြေအနေမှာ အသင့်တော်ဆုံးပဲဆိုတာ အစိုးရက တွေ့ရှိခဲ့ပါတယ်။ ဒီလိုလုပ်ခြင်းဖြင့် ပြည်သူတွေရဲ့စီးပွားရေးကိုလည်း မထိခိုက်နိုင်ပါဘူးလို့ အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုက ပြောပါတယ်။

အသေးစိတ်ကန့်သတ်ပိတ်ဆို့ခြင်းနဲ့ အလုံပိတ်ကန့်သတ်ပိတ်ဆို့ခြင်းဟာ ဆန့်ကျင်ဘက်တော့ မဟုတ်ပါဘူး။ သူတို့ဟာ အနှစ်သာရအားချင်းတော့ တူကြပါတယ်။ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားနှုန်းကို ထိန်းချုပ်ဖို့ ပြည်သူတွေရဲ့ လှုပ်ရှားဆောင်ရွက်မှုကို ကန့်သတ်လိုက်ခြင်းပဲဖြစ်ပါတယ်။

**မှန်ကန်တဲ့နည်းလမ်းတစ်ခုဖြစ်**

ဒါပေမယ့် အသေးစိတ် ကန့်သတ်ပိတ်ဆို့မှုကို အင်ဒိုနီးရှားနိုင်ငံရဲ့ ဒေသအားလုံးမှာ ကျင့်သုံးသွားမှာ မဟုတ်ဘူးလို့ သမ္မတက ပြောပါတယ်။ မြို့တော်အုပ်ချုပ်ရေးမှူးများနဲ့ ဒေသန္တရအုပ်ချုပ်ရေးမှူးများကို ဒီမူဝါဒကို အကောင်အထည်ဖော်ဖို့ တိုက်တွန်းသွားမှာပါလို့ ပြောပါတယ်။

သမ္မတရဲ့ ပြောကြားချက်အတိုင်းပါပဲ ကိုဗစ်– ၁၉ ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ရဲ့ အကြီးအကဲ ဆိုနီဟာရီဘီ ဟာမာဒီကလည်း အသေးစိတ်ကန့်သတ်ပိတ်ဆို့မှုကို အကောင်အထည်ဖော်တာက နိုင်ငံတစ်ဝန်းမှာရှိတဲ့ ဒေသအတော်များများမှာ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာတာကို တုံ့ပြန်တဲ့နေရာမှာ မှန်ကန်တဲ့ ပုံသေနည်းတစ်ခုပဲလို့ ပြောပါတယ်။

**အချက်သုံးချက်ပါဝင်**

ကိုဗစ်–၁၉ အသေးစိတ် ကန့်သတ်ပိတ်ဆို့မှု မူဝါဒမှာ အဓိကအားဖြင့် အချက်သုံးချက်ပါဝင်ပြီး ကျန်းမာရေးလုပ်ထုံးလုပ်နည်းများ၊ လူထုရွေ့လျားမှု ကန့်သတ်ခြင်း၊ ဆောင်ရွက်ချက်များကန့်သတ်ခြင်းတို့ဖြစ်ပါတယ်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုများနေတဲ့ ဒေသတွေမှာ ဒီလိုမျိုး အသေးစိတ်ကန့်သတ်ပိတ်ဆို့မှုကို အကောင်အထည်ဖော်ခြင်းအားဖြင့် အလုံပိတ်ကန့်သတ်ပိတ်ဆို့တာထက် ပိုမိုကောင်းပါတယ်လို့ သမ္မတ ဝီဒိုဒိုက ပြောပါတယ်။ ။

ကိုးကား – ဆင်ဟွာ

❒ ကျောဖုံးမှ

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၃) ခု | (၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၂) ခု | (၆၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၃၅) ခု | (၄၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၁၆) ခု | (၁၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၂၃၂) ခု | (၅၇၅) ဦး |
| စုစုပေါင်း | (၄,၆၂၉) ခု | (၈၀၄) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင် ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂၇-၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၄၉၀၁၃၄ | ၂၈၉၁၂၉၀၆ | ၆၁၉၃၄၃ |
| ၂။ | အိန္ဒိယ | ၃၀၂၃၃၁၈၃ | ၂၉၂၅၁၀၂၉ | ၃၉၅၇၈၀ |
| ၃။ | ဘရာဇီး | ၁၈၃၈၆၈၉၄ | ၁၆၅၈၂၀၅၃ | ၅၁၂၈၁၉ |
| ၄။ | ပြင်သစ် | ၅၇၆၈၄၄၃ | ၅၆၀၁၈၀၂ | ၁၁၀၉၅၁ |
| ၅။ | ရုရှား | ၅၄၅၁၂၉၁ | ၄၉၅၆၇၁၄ | ၁၃၃၂၈၂ |
| ၆။ | တူရကီ | ၅၄၀၄၁၄၄ | ၅၂၆၉၂၉၄ | ၄၉၅၂၄ |
| ၇။ | ဗြိတိန် | ၄၇၁၇၈၁၁ | ၄၃၁၄၁၂၅ | ၁၂၈၀၈၉ |
| ၈။ | အာဂျင်တီးနား | ၄၃၉၃၁၄၂ | ၄၀၁၀၃၄၆ | ၉၂၁၃၇ |
| ၉။ | အီတလီ | ၄၂၅၇၂၈၉ | ၄၀၇၂၀၉၉ | ၁၂၇၄၅၈ |
| ၁၀။ | ကိုလံဘီယာ | ၄၁၂၆၁၃၄၀ | ၃၈၂၉၄၈၇ | ၁၀၄၀၁၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၇ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၁၁၅၃၀၄ | ၁၈၅၀၄၈၁ | ၅၇၁၃၈ |
| ဖိလစ်ပိုင် | ၁၃၉၇၉၉၂ | ၁၃၂၁၀၅၀ | ၂၄၃၇၂ |
| မလေးရှား | ၇၃၄၀၄၈ | ၆၆၇၇၀၉ | ၄၉၄၄ |
| ထိုင်း | ၂၄၄၄၄၇ | ၁၉၈၉၂၈ | ၁၉၁၂ |
| မြန်မာ | ၁၅၃၁၆၀ | ၁၃၅၄၁၃ | ၃၂၉၇ |
| စင်ကာပူ | ၆၂၅၄၄ | ၆၂၁၈၁ | ၃၆ |
| ကမ္ဘောဒီးယား | ၄၇၆၄၉ | ၄၂၁၅၇ | ၅၄၀ |
| ဗီယက်နမ် | ၁၅၄၀၁ | ၆၁၃၇ | ၇၅ |
| လာအို | ၂၁၀၀ | ၁၉၇၂ | ၃ |
| ဘရူနိုင်း | ၂၅၉ | ၂၄၅ | ၃ |

## လားရှိုးမြို့ရှိ COVID-19 ကုသရေးစင်တာ(၁) ပြင်ဆင်နေမှုအား ကြည့်ရှု၊ အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိပြည်ထောင်စု အားကစားရုံ၌ ဖွင့်လှစ်ထားရှိသည့် COVID–19 ကုသရေးစင်တာ(၁)သို့ ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်၍ အဆိုပါ စင်တာ ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးက စင်တာ၌ထားရှိမည့် လူနာများကို အာဟာရကျွေးမွေးရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ကော့သောင်းမြို့၌ နေရပ်ပြန်သင်္ဘောသားများ အသွားအလာကန့်သတ်စောင့်ကြည့်

ကော့သောင်း ဇွန် ၂၇

ကူးစက်မှုပြန်လည်ဖြစ်ပေါ်လာနေသည့် ကိုဗစ်–၁၉ ရောဂါ ပြည်တွင်းကူးစက်မှုအပြင် ပြည်ပမှကူးစက်မှုများ မဖြစ်ပေါ်လာစေရေး ဇွန် ၂၆ ရက် ညနေပိုင်းက တာဝန်ပြီးဆုံး၍ ပြည်ပမှပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန် မြန်မာ သင်္ဘောသားများအား ကော့သောင်းမြို့တွင် အသွားအလာ ကန့်သတ်စောင့်ကြည့်ထားရှိကြောင်း သိရသည်။

နိုင်ငံတကာ ပင်လယ်ကူး သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်မည့် သင်္ဘောသားများအား ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း Crew Change ပြုလုပ်သည့်လုပ်ငန်းများ ပုံမှန် ဆောင်ရွက်လျက်ရှိရာ အဆိုပါနေ့ ညနေပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝင်ရောက်လာသည့် MV.MODERN LINK သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ပြီး Sign off ထွက်လာသည့် ကပ္ပတိန် ဦးဝဏ္ဏတင့်ဝေနှင့်အတူ သင်္ဘောသား ၂၃ ဦး မြန်မာနိုင်ငံ ကော့သောင်း ဆိပ်ကမ်းသို့ ဝင်ရောက်လာရာ ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူ အဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများ ကြပ်မတ်ဆောင်ရွက်ကာ ကိုဗစ်–၁၉ ရောဂါ ပြည်ပမှတစ်ဆင့် ဝင်ရောက်ကူးစက်မှု မဖြစ်ပေါ်စေရေး ကော့သောင်းမြို့တွင် Hotel Quarantine ၁၄ ရက် ထားရှိစောင့်ကြည့်မှု ခံယူကြမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဘုရား၊ စေတီပုထိုးများ၊ ဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဘုရား၊ စေတီပုထိုးများ၊ ဘာသာရေးကျောင်းများ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင်လည်း ဗုဒ္ဓဘာသာဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာဝင်များ၏ ဘာသာအလိုက် ဘာသာရေး ကျောင်းများ၊ ဝတ်ပြုကျောင်းများတွင် သက်ဆိုင်ရာ ဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင် ပန်းခြံများ၊ ကစားကွင်းများနှင့် ပြတိုက်များကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ဈေးများ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၇**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် လေးထောင့်ကန် ရပ်ကွက်ရှိ သုံးပါးရတနာ စာသင်တိုက်၊ မှော်ဘီမြို့နယ် တလိုင်းကုန်း ကျေးရွာရှိ ရွှေလှေကြီးကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID-19 ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ အလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူး တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်း မြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေး အဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းငါးသောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၇**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၅၉၅၇၅ ဦးနှင့် အတွင်းလူနာပေါင်း ၇၅၇၉၄ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၀၇၀ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၃၀၃ ဦး စုစုပေါင်း ၁၈၃၇၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၀၉၄ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၇၂၅ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၄၈၁၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

သတင်းစဉ်

# ကိုဗစ်လူနာများအတွက် ဆေးဝါးများ လှူဒါန်း

**နွားထိုးကြီး ဇွန် ၂၇**

ကိုဗစ်လူနာများကုသရန် အရေးပေါ်လိုအပ်နေသည့် ဆေးဝါးများကို မြို့ပေါ် အမှတ် (၈) ရပ်ကွက်ရှိ ပိတောက်ဝါဆေးခန်းပိုင်ရှင် ဒေါက်တာကျော်ကိုကို မိသားစုက လူနာ ၅၀ စာအတွက် ပထမအကြိမ်အဖြစ် ဇွန် ၂၇ ရက်က We Love Natogyi.. ထံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

နွားထိုးကြီးမြို့တွင် တတိယလှိုင်း ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ပြန်လည်ဝင်ရောက်လာပြီး တစ်ပတ်အတွင်း ကူးစက်လူနာ ၁၁ ဦး ရှိလာသည်ဟု မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်ကျော်ဦးက ပြောသည်။

ကိုဗစ်-၁၉ ရောဂါကို နွားထိုးကြီးမြို့နယ်မှ ဝန်ထမ်းတစ်ဦးတွင် စတင်တွေ့ရှိခဲ့ပြီး ကျန်းမာရေးဦးစီးဌာနမှ သုံးဦး၊ လျှပ်စစ်ဦးစီးဌာနမှ သုံးဦးအပါအဝင် အခြား ထိစပ်သူ ၁၁ ဦးအထိ ကူးစက်ခံရကာ နွားထိုးကြီးဆေးရုံတွင် တက်ရောက်ကုသနေသူ ခုနစ်ဦးရှိကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

# နှလုံးသားချင်း နီးကြပါ

မြင့်ထွေး(ဟိုတယ်/ခရီး)

## ကပ်ရောဂါ

COVID-19 ရောဂါ စတင်ဖြစ်ပွားသော ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ အလျင်အမြန်ပျံ့နှံ့ရောက်ရှိ ကူးစက်မှုများကြောင့် COVID-19 ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်နေ့တွင် သတ်မှတ်ကြေညာခဲ့ပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသွားများအပေါ် ယာယီကန့်သတ်ချက်များ၊ ဗီဇာထုတ်ပေးခြင်းများအပေါ် ယာယီရပ်ဆိုင်းသည့် အစီအမံများကို ထုတ်ပြန်ခဲ့ရပါသည်။

တစ်ဆက်တည်းပင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များကိုလည်း ထုတ်ပြန်ခဲ့ပါသည်။ COVID-19 ရောဂါမှာ ကူးစက်ရောဂါဖြစ်သဖြင့် လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ပြောဆို ဆက်ဆံမှုမှအစ လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ် ပြဋ္ဌာန်းမှုများနှင့်အညီ ထုတ်ပြန်ခဲ့ရာ တစ်ဦးနှင့်တစ်ဦး (၆) ပေခွာ၍ နေထိုင်ကြရန်အထိ ကျန်းမာရေးပညာပေးအသိကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သဖြင့် "လူချင်းခပ်ခွာခွာနေသော်လည်း၊ နှလုံးသားချင်းတော့နီးကြပါ" ဆိုသည့် ကုစားမှုတစ်ခုမှာ နွေးထွေးစရာတစ်ခု ဖြစ်ခဲ့သည်။

COVID-19 ရောဂါကို ကမ္ဘာ့နိုင်ငံအနှံ့ ပြင်းထန်စွာ ခံစားခဲ့ရမှုကြောင့် စက်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ပြည်ပပို့ကုန်လုပ်ငန်းများ၊ ပြည်တွင်းသွင်းကုန်လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ စွမ်းအင်လုပ်ငန်းများ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ စသည့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ကဏ္ဍစုံလုပ်ငန်းများ အပြင်းအထန် ထိခိုက်ခံစားခဲ့ရသည်။

အထူးသဖြင့် နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းမရှိဘဲ ပကတိသဘာဝအလှတရားများကို အသုံးပြုကာ နိုင်ငံခြားဝင်ငွေကို အဓိကရှာဖွေပေးနေသော မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ဆိုးရွားသောသက်ရောက်မှုများကို အလွှာအသီးသီးတွင် အလူးအလဲ ထိခိုက်ခံစားရလျက်ရှိသည်။ အဆိုးဆုံးမှာ လုပ်ငန်းများ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်း၊ ရောင်းချခြင်း၊ ဝန်ထမ်းများလျှော့ချခြင်း၊ နစ်နာကြေးများပေး၍ ဝန်ထမ်းအဖြစ်မှ ရပ်ဆိုင်းခြင်း၊ အခြားလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်ခြင်းများဖြင့် ခရီးသွားလုပ်ငန်းကို အပြီးအပိုင် စွန့်ခွာသွားခဲ့ကြသူများရှိခဲ့သည်။

ခရီးသွားလုပ်ငန်းမှာ အထိအခိုက်မခံသော ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပြီး အားလုံးပူးပေါင်းပါဝင်သော စီးပွားရေးလုပ်ငန်းဖြစ်သဖြင့် ခရီးသွားလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှု၊ နှောင့်နှေးကြန့်ကြာမှုများကို ဖြစ်စေသည့် အခက်အခဲ အကျပ်အတည်းများကို သိရှိစေပြီး ပြင်ဆင်ဆောင်ရွက်နိုင်သည်များ ဆောင်ရွက်နိုင်ရန်အတွက် စာရေးသူအနေဖြင့် "စိန်ခေါ်မှုများနှင့်ရှေ့ခရီး" ဆောင်းပါးကို အပြုသဘောရေးသား၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပေးပို့ခဲ့ရာ မြန်မာ့အလင်းသတင်းစာ၌ နှစ်ရက်ဆက်တိုက်အခန်းဆက် ဆောင်းပါးအဖြစ် ဖော်ပြပေးခဲ့ပါသည်။

## စိန်ခေါ်မှုများ

အဆိုပါ ဆောင်းပါးတွင် ကမ္ဘာလှည့်ခရီးသည်များ ကြိုက်နှစ်သက်သည့် ခရီးစဉ်ဒေသအချို့မှာ ကန့်သတ်ဧရိယာတွင် ပါဝင်နေခြင်းများ၊ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာနိုင်သည့် အခွင့်အလမ်းများစွာရှိသော နယ်စပ်ဂိတ်များအား အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များအဖြစ် သတ်မှတ်ဖွင့်လှစ်နိုင်မှု မရှိသေးသည့် အခြေအနေများ၊ ခရီးစဉ်ဒေသတွင် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ တိုက်ရိုက်ဆင်းသက်နိုင်မည့် လေယာဉ်ကွင်းများအဖြစ် အဆင့်မြှင့်တင်ပေးနိုင်မှု မရှိသေးခြင်းများကြောင့်လည်းကောင်း၊ ဗီဇာအခက်အခဲများ၊ ဟိုတယ်အခန်းခ ဈေးနှုန်းကြီးမြင့်မှုများကြောင့်လည်းကောင်း၊ ရောင်းချသော ခရီးစဉ်ဈေးနှုန်းများ မြင့်မားခြင်းကြောင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ရေဆိပ်ထပ်မံလိုအပ်နေမှုများ၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် မြေငလျင်၊ မုန်တိုင်း၊ ရေလွှမ်းမိုးမှု၊ မီးလောင်မှုများဖြစ်ပေါ်ခြင်းကြောင့် လည်းကောင်း၊ H1N1၊ H1N5 စသည့် ကူးစက်ရောဂါများ၊ သဘာဝအတိုင်း မထားရှိဘဲ အတုပြုလုပ်ဖန်တီးခြင်းများကြောင့်လည်းကောင်း၊ သဘာဝအရင်းအမြစ်များ ပျက်စီးခြင်းကြောင့်လည်းကောင်း၊ လိုင်စင်မရှိဘဲ ဥပဒေမဲ့ဆောင်ရွက်နေသော ဟိုတယ်၊ မိုတယ်၊ ခရီးသွားကုမ္ပဏီ၊ ဧည့်လမ်းညွှန်အချို့ကြောင့်လည်းကောင်း၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများကြောင့်လည်းကောင်း စသည့်အကြောင်းရင်းများကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ မျှော်မှန်းသလောက် မအောင်မြင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းအတွက် ဤကဲ့သို့ စိန်ခေါ်မှုများကို နိုင်ငံရေးအမြင်၊ ခရီးသွားအမြင်များဖြင့် ရေတိုရေရှည် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆင်ခြင် ပြုပြင်ဆောင်ရွက်ရန် လိုအပ်ကြောင်းကို ပွင့်လင်းမြင်သာစွာ အကျယ်တဝင့် အပြုသဘောထောက်ပြ အကြံပြုခဲ့ခြင်းဖြစ်ပါသည်။

## ထိခိုက်ခံစားရမှု

ယခုကာလတွင် COVID-19 ကပ်ရောဂါနှင့် တည်ငြိမ်အေးချမ်းမှုမှာ မြန်မာ့ခရီးသွားလုပ်ငန်းအတွက် ဆက်တိုက်ကြုံတွေ့နေရသော ကြီးမားသည့် စိန်ခေါ်မှုဖြစ်နေသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ် (UNWTO) ၏ စာရင်းအရ ကမ္ဘာအနှံ့ဖြစ်ပွားလျက်ရှိသော COVID-19 ကူးစက်ရောဂါကြောင့် ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံးသို့ နိုင်ငံခြားသားခရီးသွား သန်းပေါင်း (၁၅၀၀) ကျော်ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်၊ ပထမသုံးလပတ်တွင် ကမ္ဘာအနှံ့ ခရီးသည်ဝင်ရောက်မှု (၈၅ % )ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားပါသည်။

> ❖ COVID-19 **ကပ်ရောဂါနှင့် အကြမ်းဖက်လုပ်ရပ် အမျိုးမျိုးကြောင့် ခရီးသွားလုပ်ငန်း ပြန်လည်အသက်ဝင် ရှင်သန်လှုပ်ရှားလာစေရေးကို ဦးစီးဦးဆောင် ဆောင်ရွက်နေသည့် ဝန်ကြီးဌာနအနေဖြင့် ကြီးမားသော စိန်ခေါ်မှုများကို ကြုံတွေ့နေရသော်လည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ချက်၊ ခံယူချက်တူညီသောပုဂ္ဂိုလ်များနှင့် လက်တွဲကာ ပြည်တွင်းခရီးစဉ်များ စတင်လည်ပတ်နိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

၂၀၁၉ ခုနှစ်ထက် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတကာခရီးသွားဧည့်သည် (၁) ဘီလီယံ လျော့နည်းခဲ့ပြီး ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေ အမေရိကန်ဒေါ်လာ (၁.၃) ထရီလီယံ ဆုံးရှုံးခဲ့ရပါသည်။ UNWTO ၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ စာရင်းအရ COVID-19 ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်ရရှိသော အလုပ်အကိုင်အခွင့်အလမ်းပေါင်း သန်း (၁၀၀) နှင့် (၁၂၀) ကြား ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး အများဆုံးမှာ SMEs လုပ်ငန်းများဖြစ်ကြောင်း ဖော်ပြထားပါသည်။ အာရှနှင့် ပစိဖိတ်ဒေသတွင် (-၈၄%)၊ အရှေ့အလယ်ပိုင်းဒေသတွင် (-၇၆%)၊ ဥရောပဒေသတွင် (-၇၁%)၊ အာဖရိကဒေသတွင် (-၆၉%)၊ ခရီးသွားလုပ်ငန်းများ၊ ခရီးစဉ်ဒေသများ ပိတ်သိမ်းခဲ့ရပါသည်။

ဤသို့ ကမ္ဘာတစ်ဝန်း ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ထိခိုက်ခံစားခဲ့ရသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဆက်နွှယ်ခံစားခဲ့ရာတွင် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်ဝင်ရောက်မှုအခြေအနေမှာ (-၇၉%) အထိ ဆုတ်ယုတ်ကျဆင်းခဲ့ပြီး ခရီးစဉ်များ ရပ်ဆိုင်းသွားခြင်းကြောင့် လေကြောင်းမှဝင်ရောက်မှုမှာ (-၈၂%)၊ သင်္ဘောဖြင့်ဝင်ရောက်မှုမှာ (-၈၇%)၊ နယ်စပ်ဝင်ပေါက်မှ အတွင်းပိုင်းထိဝင်ရောက်မှုမှာ (-၆၉%)၊ ဗီဇာဖြင့်ဝင်ရောက်မှုမှာ (-၈၁%)၊ နယ်စပ် ဝင်ရောက်မှုမှာ (-၇၈%) လျော့ကျသွားခဲ့ပါသည်။ တိုက်ရိုက်ထိခိုက်ခံစားမှုအနေဖြင့် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှ ရရှိသောဝင်ငွေမှာလည်း (-၈၁%) ကျဆင်းခဲ့ရပါသည်။

## အေးစက်သွားသော နှလုံးသားများ

COVID-19 ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ဝန်ကြီးဌာန၊ အသင်းအဖွဲ့၊ ဟိုတယ်၊ ခရီးသွားကုမ္ပဏီ၊ ဧည့်လမ်းညွှန်၊ အမှတ်တရ အရောင်းဆိုင်၊ ပို့ဆောင်ရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းများ တစ်ခုနှင့်တစ်ခုကြား ကူးလူး၊ ဆက်ဆံ၊ လွန်းထိုး၊ ချိတ်ဆက်ဆောင်ရွက်မှုများ ဆိတ်သုဉ်းသွားပြီး တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

COVID-19 ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးစည်းကမ်းကန့်သတ်ချက်များနှင့်အညီ နေထိုင်ခဲ့ရသဖြင့် ဝန်ကြီးဌာနနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်နေသော အသင်းအဖွဲ့များပင် ဝန်ကြီးဌာနနှင့် ဝေးကွာခဲ့ကြရသည်။ နေ့စဉ်ဘဝတွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရင်း အသက်ရှင်နေထိုင် ကျန်ရစ်စေရေးအတွက် ရုန်းကန်ကြိုးစားရင်းဖြင့် ခင်မင်ရင်းနှီးမှု၊ နွေးထွေးမှုများ အေးစက်ခဲ့ကြရသည်။ မိဘ၊ သား၊ သမီး၊ အစ်ကို၊ အစ်မ၊ ဦးလေး၊ အဒေါ်၊ မိတ်ဆွေ ကွယ်လွန်သည်ကိုပင် သင်္ဂြိုဟ်ရာသို့ လိုက်ပါပို့ဆောင်ခွင့်မရရှိသည့်အပြင် ကိုယ်ကိုယ်တိုင်ပင်အသက်ရှူစက်ဖြင့် ခက်ခက်ခဲခဲ အသက်ရှူနေရကာ ဆေးရုံဆင်းပြီးမှ ကွယ်လွန်ကြောင်းသိရသည့် ရင်နင့်ဖွယ် အခြေအနေများလည်း ရှိခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြသည့်တိုင် နွေးထွေးမှုမရှိ၊ အေးစက်စွာ နေခဲ့ကြရသည်။

## ခြိမ်းခြောက်ဆဲ

ဤသို့ COVID-19 ရောဂါကပ်ဆိုးကြီးဘေးမှ လွတ်ကင်းရန်၊ အသက်ရှင်ကျန်ရစ်ရန် ကြိုးစားနေထိုင်ရင်း (၁) နှစ်ကျော်ကာလအတွင်း အေးစက်သွားသော ခရီးသွားလုပ်ငန်းအား COVID-19 အလွန်ကာလတွင် ပြန်လည်ရှင်သန်နိုးထနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် အခွန်အခသက်သာခွင့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ အတိုးနှုန်းသက်သာသော ချေးငွေများရရှိရန်ဆောင်ရွက်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ အနေးယာဉ်လုပ်သားများ၊ လမ်းဘေးဈေးသည်များ၊ လက်မှုပညာသည်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ COVID-19 စည်းကမ်းများနှင့်အညီ ခရီးစဉ်ဒေသများသို့ လည်ပတ်နိုင်ရေး၊ ဟိုတယ်များတွင် တည်းခိုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် လုံခြုံစိတ်ချရမှုရှိသော ခရီးစဉ်ဖြစ်ကြောင်း Travel Campaign အစီအစဉ်များကို လုပ်ဆောင်ခြင်း၊ Social Tourism Package အနေဖြင့် Potential CBT Cite များ သတ်မှတ်ကာ Value Travel Package များ အရှိန်မြှင့်ဖော်ဆောင်ခြင်း၊ We Care Package အနေဖြင့် နိုင်ငံတကာ၊ လုပ်ငန်းရှင်များ၊ စေတနာရှင်များ ပူးပေါင်း၍ Public Campaign လုပ်ဆောင်ခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း COVID-19 ကပ်ရောဂါ၏ Second Wave, Third Wave များက ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်ရေး ကြိုးစားဆောင်ရွက်နေမှုများအပေါ် ခြိမ်းခြောက်စိန်ခေါ်လျက်ရှိနေဆဲဖြစ်ပါသည်။

## သမိုင်းပေးတာဝန်

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်ဖြင့် နိုင်ငံတော်တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စစ်မှန်သည့် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပါဝင်သော တတိယမြောက်လုပ်ငန်းစဉ်ဖြစ်သည့် "COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်" လမ်းစဉ်နှင့်အညီ ခရီးသွားလုပ်ငန်းမှာ နိုင်ငံ၏စီးပွားရေးကို အဓိကအထောက်အကူပြုသည့် စီးပွားရေး

*စာမျက်နှာ ၁၈ သို့*

# မဟာလောကရန်နိုမ် အောင်တော်မူမြတ်စွာဘုရားပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်ကိစ္စနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**မန္တလေး ဇွန် ၂၇**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မဟာလောကရန်နိုမ်အောင်တော်မူမြတ်စွာဘုရား ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်ကိစ္စနှင့်ပတ်သက်၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အောင်တော်မူမြတ်စွာဘုရား နှစ်ကျိပ်ရှစ်ဆူနှစ်ထပ်ဓမ္မာရုံ၌ ကျင်းပသည်။ (ယာပုံ)

ဩဝါဒခံယူပွဲသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့၊ တိုင်းအကျိုးတော်ဆောင်၊ မိုးကောင်းကျောင်းတိုက်၊ ရတနာသိင်္ဂီ ဒိုက်ဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်ပြီး မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးဦးစီးမှူး ဦးကျော်လှိုင်၊ အောင်တော်မူ မြတ်စွာဘုရားဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သာသနာ့ဗိမာန်ကိစ္စနှင့် ပတ်သက်၍ ဆရာတော်များထံမှ ဩဝါဒခံယူပြီး မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မဟာလောကရန်နိုမ် အောင်တော်မူမြတ်စွာဘုရားအား သာသနာ့ဗိမာန်တော်သို့ ပြန်လည်ပင့်ဆောင်နိုင်ရန်အတွက် ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူနေစဉ်အတွင်း သာသနာရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို လည်းကောင်း လျှောက်ထားပြီး နေ့ဆွမ်းနှင့် နဝကမ္မဝတ္ထုငွေများဆက်ကပ်ကြကြောင်း သိရသည်။ **သတင်းစဉ်**



*စာမျက်နှာ ၁၇ မှ*

လုပ်ငန်းတစ်ခုအဖြစ် နိုင်ငံတော်က ရှုမြင်သိရှိသည့်အတွက် COVID-19 ကျန်းမာရေးစည်းကမ်းသတ်မှတ်ချက်များအတွင်းမှ ရပ်တန့်နေခဲ့သော ခရီးသွားလုပ်ငန်းအား ပြန်လည်နိုးထလှုပ်ရှားရှင်သန်လာရေးအတွက် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ခဲ့ပါသည်။

## ပြန်လည်တည်ဆောက်ခြင်း

COVID-19 ကပ်ရောဂါကြောင့်လည်းကောင်း၊ ဝန်ကြီးဌာနနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်မှ ပုဂ္ဂိုလ်များအကြား တဖြည်းဖြည်းဝေးကွာလာခြင်းကြောင့်လည်းကောင်း၊ ယုံကြည်မှုများနှင့် ခင်မင် နွေးထွေးမှုများ သွေးအေးစေခဲ့သော အခြေအနေများကို မိသားစုသဖွယ် ပေါင်းစည်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးအနေဖြင့် သက်ဆိုင်သူအားလုံးနှင့် ဖြူစင်နွေးထွေးစွာထိတွေ့ဆက်ဆံခြင်း၊ ကြုံတွေ့နေရသောအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းများဖြင့် ယုံကြည်မှုကို ပြန်လည်တည်ဆောက်လျက်ရှိပါသည်။ ပြည်တွင်းခရီးစဉ်များကို COVID-19 အလွန်ကာလတွင် ပြန်လည်လှုပ်ရှားအသက်ဝင်လာစေရန်အတွက် ခရီးစဉ်ဒေသများသို့ သွားရောက်ကာ ဒေသအတွင်းရှိ ဟိုတယ်၊ ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားနှင့် ဆက်စပ်သော ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တည်ဆဲအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ ဖြစ်စဉ်ပြောင်းလဲမှုများနှင့် တပ်မတော်၏ အခန်းကဏ္ဍ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒများကို ရှင်းလင်းချပြခြင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို လက်ပွန်းတတီး တိုင်ပင်ဆွေးနွေးကာ ဖြည့်ဆည်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

တစ်ချိန်တည်းပင် ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ရေးအတွက် အဆင့်(၃)ဆင့် သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။ ပထမအဆင့်အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက် (Version 2.0) နှင့်အညီ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ရေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ရေးဆွဲထားသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအတွက် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းစွာ တည်းခိုနေထိုင်နိုင်သည့် ဟိုတယ်၊ မိုတယ်၊ အင်းနှင့် တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များ အဖြစ် စနစ်တကျသတ်မှတ်ပေးနိုင်ရန် ရေးဆွဲထားသည့် စီမံချက် "Enchanting Myanmar Health and Safety Protocol" အတိုင်း စီစဉ်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ခရီးစဉ်ဒေသများတွင် စက်ဘီးစီးပြိုင်ပွဲ၊ ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေးပွဲ၊ ရိုးရာလှေလှော်ပွဲနှင့် မြန်မာ့အစားအစာပြပွဲ၊ တိုင်းရင်းသားဓလေ့ရိုးရာပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရေးအတွက် Pilot Project အနေဖြင့် အကောင်အထည်ဖော်ရန် ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ တတိယအဆင့်အနေဖြင့် In Bound Tourism ကို ပြန်လည်စတင်ရေးအတွက် တရုတ်ဈေးကွက်ကို အဓိကဦးတည်၍ Government to Government ချိတ်ဆက်ကာ Special Package ခရီးစဉ်များ ဆောင်ရွက်ခြင်းနှင့် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက် မြို့များတွင် လည်ပတ်ခြင်းတို့ဖြင့်လည်းကောင်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အရေးပေါ်ကာလ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံတော်တည်ငြိမ်မှုကို ပျက်ပြားအောင် ဆောင်ရွက်နေသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့က အကြမ်းဖက်လုပ်ရပ်များဖြင့် နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၏ပုံရိပ် ကျဆင်းအောင် ဖန်တီးလျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်သူကဆောင်ရွက်နေချိန်တွင် နိုင်ငံတော်ပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းလုပ်သူက အသိတရားမဲ့စွာ၊ ဆင်ခြင်တုံတရားကင်းမဲ့စွာ ဖျက်ဆီးလျက်ရှိကြသည်။ သို့ဖြစ်၍ ဂုဏ်သတင်းကြီးမားသည့် Virgin Land အဖြစ် နိုင်ငံတကာ အသိအမှတ်ပြုထားသော မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်ကို ပျက်စီးစေပါသည်။

## နှလုံးသားချင်းနီးကြပါ

COVID-19 ကပ်ရောဂါနှင့် အကြမ်းဖက်လုပ်ရပ် အမျိုးမျိုးကြောင့် ခရီးသွားလုပ်ငန်း ပြန်လည်အသက်ဝင် ရှင်သန်လှုပ်ရှားလာစေရေးကို ဦးစီးဦးဆောင် ဆောင်ရွက်နေသည့် ဝန်ကြီးဌာနအနေဖြင့် ကြီးမားသော စိန်ခေါ်မှုများကို ကြုံတွေ့နေရသော်လည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ချက်၊ ခံယူချက်တူညီသောပုဂ္ဂိုလ်များနှင့် လက်တွဲကာ ပြည်တွင်းခရီးစဉ်များ စတင်လည်ပတ်နိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ အယူဝါဒများ၊ အမြင်များ မည်မျှပင် ကွဲပြားစေ၊ နွေးထွေးခင်မင်မှုများ မည်မျှပင် ခန်းခြောက်စေကာမူ ခရီးသွားမိသားစုအသိုက်အဝန်းနှင့် ပြည်သူများအနေဖြင့် လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာစေရေး၊ နိုင်ငံတကာတွင် နောက်ကျကျန်ရစ်ခဲ့သော မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်း တစ်ဖန်ရှင်သန်အောင်မြင်၊ ဖြစ်ထွန်းရေးအတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အခြေခံ၍ တူညီသောစိတ်ထားများ၊ နွေးထွေးခိုင်မြဲသော လက်များဖြင့် နှလုံးသားချင်းနီးစပ်ချိတ်ဆက်ကာ အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ပါသည်။

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၆-၂၀၂၁ တနင်္လာနေ့

### MRTV

**၀၆:၀၀** ရတနာသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၁၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၀၈:၃၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'ချစ်ကြသည်ဆိုရာဝယ်'**
**၁၁:၂၅** ဘဝနှင့်အနုပညာ
**၁၂:၃၀** ပြည်သူ့နီတိ **'မျဉ်းနှစ်ကြောင်း'**
**၁၃:၃၀** MRTV National News
**၁၄:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ရူပဗေဒဘာသာရပ်'**
**၁၆:၁၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၀၅** This Week's Special Interest
**၁၇:၂၀** ကျန်းမာရေးမဂ္ဂဇင်း **'ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ'**
**၁၇:၄၅** ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု (အပိုင်း-၂)(အင်းဝခေတ်)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** သာစွဋ္ဌာနေ မော်လိုက်မြေ
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း-၁၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှတ်ဆိုးမလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၁၃)

### mitv

**07:01** News
**07:27** Pan Tamawt… Stone Carving
**07:54** Modifying Natural Thanakha Bark into Ready-make Skin Care Product
**08:01** Mulberry Art Painting: Muu Muu
**08:15** Patchwork Bags
**08:28** Life In Night .......Art In Life (Ep-2) Part-1
**09:01** Traveling in Kayah State
**09:09** Handmade Artisan Ye`Linn Oo
**09:24** Discovering Tribes
**10:30** Today Myanmar: Development Plan for Suitable Croplands
**10:42** A Visit to Kyauk Kyi
**11:01** Moe Ne' Keeps Its Tradition Alive
**11:46** Irrawaddy Dolphin (Part-2)

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
လချိတ်ရိုးရာဝတ်စားဆင်ယင်မှု
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကော်ယော်(မိုနု)ဒေသသို့
**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ခရုဟင်း
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
သာယာလှပသဲဖြူကျွန်းအလှ
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (ကရင်မောင်နှမနှင့်မဲဒေါက်ချောင်းတံတား)
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၂)
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ကင်ဆာရောဂါအဖြေရှာ
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၃)
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
အိပ်မက်ကကြိုးကခုန်သူ
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၃)
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
တောင်သုံးလုံး 'ဝ' ရိုးရာအထည်ဆိုင်

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# နမ္မတူမြို့နယ်ရှိ မီးဘေးသင့်ခဲ့သည့် လူနေအိမ် ၆၅ လုံးအတွက် ထောက်ပံ့ငွေများပေးအပ်

**နမ္မတူ ဇွန် ၂၇**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ နမ္မတူမြို့နယ် ချောင်းဆာကျေးရွာအုပ်စုအတွင်းရှိ မီးဘေးသင့်ပျက်စီးခဲ့သည့် လူနေအိမ် ၆၅ လုံးအတွက် ပြန်လည် ထူထောင်နိုင်ရေး ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်က ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သည်။




ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့် တာဝန်ရှိသူများက မီးဘေးသင့် ပျက်စီးခဲ့သည့် လူနေအိမ် ၆၅ လုံးအတွက် ပြန်လည် ထူထောင်နိုင်ရေး ထောက်ပံ့ငွေ တစ်အိမ်လျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၁၃၀ ကို ထောက်ပံ့ပေးအပ်သည်။

ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ ဇွန် ၂၅ ရက်က နမ္မတူမြို့နယ် ပန်လုံကျေးရွာအုပ်စုအတွင်းရှိ မီးဘေးသင့်ပျက်စီးခဲ့သည့်နေအိမ် အလုံး ၅၀ အတွက် ပြန်လည် ထူထောင်နိုင်ရေး ထောက်ပံ့ငွေ တစ်အိမ်လျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ ယမန်နေ့ နံနက်ပိုင်းက ချောင်းဆာကျေးရွာအုပ်စုအတွင်းရှိ မီးဘေးသင့်ပျက်စီးခဲ့သည့် နေအိမ် ၆၅ လုံးအတွက် ပြန်လည် ထူထောင်နိုင်ရေး ထောက်ပံ့ငွေ တစ်အိမ်လျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၁၃၀ ကို လည်းကောင်း စုစုပေါင်း မီးဘေးသင့်နေအိမ် ၁၁၅ လုံးအတွက် ငွေကျပ်သိန်း ၂၃၀ ကို ဘေးသင့်ပြည်သူများ လက်ဝယ်သို့ ထောက်ပံ့ ပေးအပ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

**လူမော် (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ – ၆ – ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၇၆၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၀ | ကျပ် | ၁၀၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၀ | ကျပ် | ၁၀၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၀၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၀၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉. ၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၀၀.၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၁ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၅၄၆ | ၁၃၈၈၁၄၀၀ |
| MTSH | ၃၅၀၀ | ၃၅၅၀ | ၅၁၂ | ၁၇၉၂၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၁ | ၃၁၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅ | ၂၅၀၀၀ |

ညီညီ – စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



အင်္ဂလိပ်စာကို စတင်လေ့လာမယ့်သူတွေအတွက် အခြေခံအကျဆုံးနဲ့ အသုံးဝင်ဆုံးဖြစ်မယ့် ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍကို အပတ်စဉ်ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒီကဏ္ဍမှာ သဒ္ဒါရေးထုံး သင်ခန်းစာတွေ၊ စကားပြောသင်ခန်းစာတွေ၊ ဝေါဟာရတွေနဲ့ ဖြတ်ထိုးဉာဏ်ကောင်းစေမယ့် ဂိမ်းများကို ကလေးများအတွက် အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ Noun အမျိုးအစားတွေနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို နမူနာဝါကျများနဲ့ ဝေဝေဆာဆာဖော်ပြပေးထားပြီး လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း Shortest way to say “How old are you” ကို နမူနာဝါကျများ၊ စကားပြောများနဲ့ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာလည်း နေ့စဉ်ဘဝမှာ အသုံးများတဲ့ အီဒီယမ်အသုံးများကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ သာဓက နမူနာဝါကျများနဲ့ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းလိုက်ပါတယ်။

*(ယခင်အပတ်မှအဆက်)*

## GRAMMAR

### *Basic to Pre-Intermediate*

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) အဖြေများ**

1. smoke, chimney
2. squirrel, tree
3. baby elephant, calf
4. lorry, corner
5. bananas, mangoes, stall

**Exercise (2) အဖြေများ**

1. company 2. bouquet 3. packet 4. suit 5. herd

x x x x x x x x x x

3. Material Noun (သဘာဝဓာတ်သတ္တုနာမ်-ဒြပ်ရှိနာမ်-အရာဝတ္ထု၊ သဘာဝပစ္စည်းများကို ဖော်ပြ)

Material Noun သည် သတ္တုသို့မဟုတ် အမျိုးမျိုးသောပစ္စည်းများ သို့မဟုတ် သတ္တုနှင့်ဆိုင်သော ပစ္စည်းများဖြင့် ပြုလုပ်ထားသော သတ္တု သို့မဟုတ် တခြားအရာဝတ္ထုများကို ခေါ်သည်။ သဘာဝအတိုင်း တည်ရှိနေသော အမျိုးမျိုးသောကုန်ကြမ်းပစ္စည်းများနှင့် ဒြပ်စင်များ၏ အမည်များကိုလည်း ဆိုလိုသည်။ ထို့ပြင် ဆွေးမြည့်ပျက်စီးပြီးနောက် အပင်နှင့် သတ္တဝါတို့မှ ပြောင်းလဲဖြစ်ပေါ်လာသော အရာများကိုလည်း Material Noun ဟု ခေါ်သည်။ ဥပမာ-

food honey egg gold air cheese alcohol


**Material Noun ကိုပင် လေးမျိုးထပ်ခွဲနိုင်သည်။**

(a) Material noun from plants:food, oil, coffee, tea, cotton, rubber, etc.

(b) Material noun from animals:wool, honey, egg, milk, silk, etc.

(c) Material noun from nature:sand, rock, rain, salt, gold, coal, air, etc.

(d) Human-made material noun:alcohol,cement,cheese,etc.




ဥပမာ -

The Eiffel tower is made up of iron plates and beams.

The needle is made of stainless steel.

4. Concrete Noun (အာရုံငါးပါးနှင့် ထိတွေ့ခံစားနိုင်သည့် အထည်ကိုယ် ဒြပ်ရှိနာမ်)

Concrete Noun သည် အာရုံငါးပါးထဲမှ တစ်ပါးပါးဖြင့် ထိတွေ့ခံစားနိုင်သည့် နာမ်များဖြစ်ကြသည်။ ရုပ်ပိုင်းဆိုင်ရာ အထည်ကိုယ်ဒြပ်ရှိပြီး တွေ့ထိ၊ မြင်သိ၊ ကြားသိ၊ ခံစား၊ အရသာခံ၊ အနံ့ခံနိုင်သည်။ Concrete Noun များသည် ရေတွက်ရနာမ်များဖြစ်ကြပြီး အနည်းကိန်း၊ အများကိန်းရှိသည်။ Proper Noun နှင့် Materialistic Noun များကို Concrete Noun ဟုခေါ်သည်။ ဥပမာ -

book table mobile wall stone cow

An apple is placed on the dining table.

I can see a lot of bookcases in the library.

A baby boy is playing on the couch.

5. Proper Noun (တစ်ဦးဆိုင်နာမ်)

တစ်ဦးတစ်ယောက်၊ တစ်နေရာ၊ အရာဝတ္ထုတစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ စိတ်ကူးတစ်ခုတည်းနှင့်သာ သက်ဆိုင်သော နာမ်များကို Proper Noun (တစ်ဦးဆိုင်နာမ်) ဟုခေါ်သည်။ အထူးသဖြင့် လူများ၊ တိရစ္ဆာန်များ၊ အရာဝတ္ထုများနှင့် နေရာများ၏ သီးသန့်နာမည်များပင် ဖြစ်သည်။

ဥပမာ -

Cristiano Ronaldo Thuzar England Paris United States Apple BMW World Bank

**Mout Everest** is the highest mountain in the world.

**Mya Mya** loves to swim early in the morning.

The **British English Language** is similar to that of the **American English Language.**

Exercise (1) Rewrite the following sentences using capital letters for Proper Nouns.

**e.g.** He lives at 45, frankle estate.
He lives at 45, Frankle Estate.

1. gary went to woodlands with peter.
2. Have you read ‘oliver twist’?
3. christmas falls on 25th december.
4. We do not go to school on saturday and sunday.
5. sally calls her cat ‘patch’.

Exercise (2) Underline the material and concrete nouns.

**e.g.** He purchased a diamond ring for me.

1. A baby boy is playing on the couch.
2. His uncle is working on the agricultural farmland.
3. The silver-plated ornament is looking very nice.
4. The swimming pool water is re-cleaned with chlorine.
5. The fragrance of this perfume is so strong and sweet.

(ဆက်လက်ဖော်ပြပါမည်)

## CONVERSATION



### Shortest way to say “How old are you”




How old are you? — I'm nine.
မင်းအသက်ဘယ်လောက်ရှိပြီလဲ။

How old is he? — Sam's just over six months old.
သူ့အသက်ဘယ်လောက်ရှိပြီလဲ။

How old is she? — She's seventy-nine.
သူ(မ)အသက်ဘယ်လောက်ရှိပြီလဲ။

What age are you? — I'm eleven. Ms Wood.
မင်းအသက်ဘယ်လောက်ရှိပြီလဲ။

What is your date of birth? — I'm over seventy. My date of birth is eleven ten thirty three.
မင်းမွေးနေ့ဘယ်နေ့လဲ။

| |
|---|
| Eleven ten thirty three = 11/10/1933 |
| Sixteen eleven seventy four = 16/11/1974 |

**Responses about age**

အသက်နဲ့ပတ်သက်ပြီး ဘယ်လိုပြန်ပြောမလဲ။

**I am …+ age or I'm …+ age** I'm ten./ He's sixteen.

**I'm … years old** I'm sixty-five years old./ I'm twelve and a quarter.

**I am (was) …. months/weeks old**

**He/she/it is (was) … months/weeks old**

I was just six weeks old when I was adopted.

The puppies are just a few days old.

The car is just about eighteen months old.

ဘာသာစကားရှုထောင့်

***old*** ကို အသုံးပြု၍ နာမဝိသေသနစကားစု ဖွဲ့စည်းနိုင်သည်။

ဥပမာ- two-year-***old + Noun***

An eighty-year-***old*** woman was attacked.

A hundred-year-***old*** building was destroyed by fire last night.

**I'm … years of age**

I am **seventy years of age** and I am simply not strong enough to work anymore.

ဘာသာစကားရှုထောင့်

***aged*** ကို နောက်က အသက်ရွယ်လိုက်ပြီး အသုံးပြုနိုင်သည်။

ဥပမာ- ***aged*** **+ how old**

They have two children – Jill, **aged** four, and Ben, **aged** eighteen months./She died last summer, **aged** ninety-five.

| | |
|---|---|
| **at,by, before, after** | **+ the age of + how old** |

**At the age of** sixteen she married a man twenty years older than her.

You cannot legally get married there **before the age of** sixteen.

**By the age of** thirty Mary had already been married three times.

**I'm in my sixties, etc. (အသက် ၆၀ ကျော် အရွယ်မှာ)**

I was in my twenties when I had my children.

**I'm your age (မင်းနဲ့သက်တူရွယ်တူ)**

**Jill's my age,** although she looks younger.

**She's my mother's age,** although she claims to be younger.

**Meeting an old friend**

**Jill :** Hello, Bill. I haven't seen you for ages. Are these your two children? How they've grown!

**Bill :** This is Alice and this is Jack. Alice and Jack, this is Mrs Carter, an old friend of mine.

**Jill :** Hello, Alice. How old are you?

**Alice :** I'm ten, Mrs Carter.

**Jill :** And what about you, Jack? What age are you?

**Jack :** I'm seven and a half.

**Alice :** We've also got a baby sister. She's at home wih Mum.

**Jill :** A baby! That's lovely! What age is she?

**Alice :** She's eighteen months old.

## VOCABULARY

1. **by hook or by crook** (တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ မည်သည့်နည်းနှင့်ဖြစ်ဖြစ်)

**The gang leader told his men to get the documents by hook or by crook.**

2. **on thin ice** (အန္တရာယ်ရှိပြီး ခက်ခဲသည့် အခြေအနေ)

**Tension is rising as the talks between the countries are now on thin ice.**

3. **get into hot water** (ဒုက္ခရောက်သည်။ အကျပ်တွေ့သည်)

**He got into hot water with the authorities after he tried to smuggle those tapes in.**

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့် ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြု ဆွေးနွေးနိုင်ပါသည်။

# မြောက်ဦးမြို့နယ်ရှိ ကျေးရွာ ၃၄ ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရန် ရေသန့်စင်စနစ်ဖြင့် အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်

**မြောက်ဦး ဇွန် ၂၇**
ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ နွေရာသီတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မရှိစေရေးနှင့် သန့်ရှင်းသော သောက်သုံးရေများ ရရှိရေးအတွက် ကျေးရွာ ၃၄ ရွာတွင် ရေသန့်စင်စနစ်ဖြင့် အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်အတွင်း မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၄ ရွာတွင် မြေသားရေကန် တူးဖော်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ Life Straw ရေသန့်စင်စနစ်နှင့် အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်း ၃၈ ခုကို တင်ဒါအောင်သည့်ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှာ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ယင်းသို့ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းရန်နိုင်သူဦးဆောင်သည့်အဖွဲ့က လာမည့်ဘဏ္ဍာနှစ်မကုန်မီ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ယင်းကျေးရွာများရှိ အိမ်ထောင်စုများမှ ကျေးရွာနေပြည်သူများမှာ နွေရာသီတွင် သောက်သုံးရေများ ပြတ်လပ်မှုမရှိတော့ဘဲ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာ ရရှိလာမည်ဖြစ်၍ ၎င်းတို့မိသားစုဝင်များ၏ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။ **တင်ဝင်း**



# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

**နေပြည်တော် ဇွန် ၂၇**
မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြု နားထောင်ဖတ်ရှုစောင့်ကြည့်ရန်၊
(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ၊ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊
(၃) ရေကြီးရေလျှံ ဖြစ်ပေါ်လေ့ရှိသော ဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊
(၄) ရေဘေးအန္တရာယ် ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊
(၅) ရေဘေးအန္တရာယ် ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊
(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကိုရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊
(၇) ရေဘေးအန္တရာယ် ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊
(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# မိကျောင်းဂေဟစနစ်ပြန်လည်ဖွံ့ဖြိုးလာရန် သဘာဝဧရိယာတွင် မိကျောင်းမျိုးဆက်များ ရှင်သန်ရန်လိုအပ်လာ

**ရန်ကုန် ဇွန် ၂၇**
မြန်မာနိုင်ငံတွင် သဘာဝသစ်တောဧရိယာအဖြစ် ထိန်းသိမ်းထားသည့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်း၌ မိကျောင်းကောင်ရေ ၁၀၀ အောက်သာ ကျန်ရှိကြောင်း သစ်တောဦးစီးဌာနမှ ထုတ်ပြန်ထားရာ သာကေတမိကျောင်းမွေးမြူရေးစခန်းတွင် နှစ်စဉ်မိကျောင်းများကို ထိန်းသိမ်းစောင့်ရှောက်ထားမှုကြောင့် တိုးပွားလာလျက်ရှိကြောင်းနှင့် မိကျောင်းဂေဟစနစ် ပြန်လည်ဖွံ့ဖြိုးလာရန် သဘာဝဧရိယာ၌ မိကျောင်းမျိုးဆက်များ ရှင်သန်နိုင်ရန် လိုအပ်လာကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မိကျောင်းမွေးမြူရေးလုပ်ငန်းကို ၁၉၆၈-၁၉၆၉ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ပြီး သာကေတမိကျောင်းမွေးမြူရေးစခန်းကို မြန်မာ့ရေလုပ်ငန်းက ၁၉၇၈ ခုနှစ် မေလက စတင်အကောင်အထည်ဖော်ခဲ့သည်။ ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းခဲ့ပြီး ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၆ ရက်မှစ၍ အပန်းဖြေစခန်းအဖြစ် ဖွင့်လှစ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သာကေတမိကျောင်းမွေးမြူရေး အပန်းဖြေစခန်းကို ယာယီပိတ်ထားပြီး မိကျောင်းကောင်ရေ ၅၉၂ ကောင်ကို ထိန်းသိမ်းထားရာ သုံးနှစ်အတွင်း အကောင်ရေ ၅၀ ကျော် တိုးပွားလာလျက်ရှိသည်။

တစ်ပေကနေ သုံးပေ အရွယ်မိကျောင်းကောင်ရေက ၁၅၀ ကျော်ရှိတယ်။ သုံးပေကနေ ငါးပေကြားက ကောင်ရေ ၁၅၀ နီးပါးနဲ့ ငါးပေကနေ ၁၀ ပေအထက်က ကောင်ရေ၃၀၀ နီးပါးရှိတယ်။ အကောင်ငယ်လေးတွေကို ပုံမှန်အတိုင်း အစာကျွေးပြီးတော့ အကောင်ကြီးတွေကို ဌာနဘတ်ဂျက်အတိုင်း တစ်ပတ်တစ်ကြိမ် ကျွေးပါတယ်။ သီးသန့်လာပြီး အစာလာလှူတဲ့ သူတွေလည်း ရှိတယ်။ ဒီမှာ မိကျောင်းကောင်ရေ များလာသလို သဘာဝမိကျောင်း နယ်မြေဖြစ်တဲ့ မိန်းမလှကျွန်းမှာ တစ်နှစ်ကို ၁၀ ကောင်ဖြစ်စေ၊ အကောင် ၂၀ ဖြစ်စေ လွှတ်နိုင်မယ်ဆိုရင် မျိုးတုံးပျောက်ကွယ်မှုကိုလည်း ထိန်းချုပ်ပြီးသားဖြစ်သွားမှာပါ"ဟု သာကေတ မိကျောင်းမွေးမြူရေး အပန်းဖြေစခန်းမှ တာဝန်ခံ ဒေါက်တာမျိုးမင်းလှိုင်က ပြောသည်။

ဧက ၄၀ ကျယ်ဝန်းသော သာကေတမိကျောင်းကန်တွင် မိကျောင်းကောင်ရေ ၅၉၀ ကျော် မွေးမြူထားသောကြောင့် မြို့ပြဧရိယာနှင့် ဆက်စပ်လျက်ရှိရာ သီးသန့်နေရာခွဲတစ်ခုတွင် ထပ်မံမွေးမြူခြင်းနှင့်အတူ သဘာဝဧရိယာတွင် ရှင်သန်နိုင်သော မိကျောင်းတို့ကို ထားရှိခြင်းဖြင့် မြန်မာပြည်၏ သဘာဝဧရိယာတွင် လျော့နည်းလာသော မိကျောင်းဂေဟစနစ်ကို ပြန်လည်ဖြည့်တင်းနိုင်မည်ဖြစ်သည်။ ကမ္ဘာဦးအစ ရှေးနှစ်သန်းပေါင်း ၂၄၀ ကျော်မှစ၍ ယနေ့ထိ မျိုးရိုးစဉ်ဆက်မပြတ် မူလသဘာဝအတိုင်း ပြောင်းလဲမှုမရှိဘဲ တည်ရှိသော သတ္တဝါအဖြစ် ရပ်တည်လျက်ရှိသော မိကျောင်းများကို ကမ္ဘာပေါ်၌ အာဖရိက၊ ဩစတြေးလျ၊ အမေရိက၊ မြန်မာ၊ အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ပါပူဝါနယူးဂီနီ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဆောလ်မွန်ကျွန်း၊ ထိုင်း၊ ဗီယက်နမ်တို့တွင် တွေ့ရှိရလျက် ကျွန်းနိုင်ငံဖြစ်သော ဂျပန်နိုင်ငံတွင်လည်း တစ်ခါတစ်ရံ တွေ့ရှိရတတ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် မိကျောင်းမျိုးစိတ်ပေါင်း ၂၇ မျိုးခန့်ရှိသော်လည်း Crocodile မျိုးစိတ် ၁၄ မျိုး၊ All-igator မျိုးစိတ် ရှစ်မျိုးနှင့် Gavial မျိုးစိတ် တစ်မျိုးဖြင့် စုစုပေါင်း ၂၃ မျိုးသာ ကျန်ရှိပြီး မြန်မာနိုင်ငံတွင် အင်းမိကျောင်း(Crocodylus palustris)၊ ငမိုးရိပ်ဟုခေါ်သော ရေငန်မိကျောင်း(Crocodylus porosus)၊ ကူမ္ဘိလမိကျောင်း(Garvialis gangeticus)နှင့် ထိုင်းမိကျောင်း(Crocodylus siamensis)တို့ ကျက်စားလျက်ရှိရာ သာကေတမိကျောင်းမွေးမြူရေးစခန်း၌ ရေငန်မိကျောင်း(Crocodylus porosus)တစ်မျိုးတည်းကိုသာ မွေးမြူထားခြင်းဖြစ်သည်။

သဘာဝဘေးမဲ့တောဖြစ်သော မိန်းမလှကျွန်းတွင်မူ မိကျောင်းများကို သဘာဝအတိုင်းထားရှိထားရာ အကောင်ရေ ၁၀၀ အောက် ကျဆင်းသွားသောကြောင့် အမေရိကန်နိုင်ငံ Discovery Channel တစ်ခုက လာရောက်ရုပ်သံရိုက်ကူးရာတွင် မိန်းမလှကျွန်း၌ တစ်လတာ စောင့်ဆိုင်းခဲ့သော်လည်း အရွယ်ရောက် မိကျောင်းတစ်ကောင်ကိုမှ မတွေ့ရသောကြောင့် သာကေတမိကျောင်းကန်တွင်သာ ရိုက်ကူးခဲ့ရသည်။ ထို့ကြောင့် မိန်းမလှကျွန်း သဘာဝသစ်တောဧရိယာတွင် မြန်မာ့မိကျောင်းဂေဟစနစ် ပြန်လည်ဖြည့်စွမ်းရန်အတွက် မိကျောင်းပေါက်များထားရှိရန် လိုအပ်လာခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင်လည်း မိကျောင်းများကို မြင်တွေ့ရန် ရှားပါးလာလျက်ရှိသည်။

**ညိမ်းသူ၊ ခတ်ပုံ - ကနူး**



သာကေတမိကျောင်းမွေးမြူရေးစခန်းမှ မိကျောင်းတစ်ကောင်ကို တွေ့ရစဉ်။

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



ပဲခူး ဇွန် ၂၇

**ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ဇွန် ၂၅ ရက်က တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Online Zoom Meeting စနစ်ဖြင့် ကျင်းပသည်။**

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြား လာလျက်ရှိ၍ သက်ဆိုင်ရာ မြို့နယ်များအနေဖြင့် မိမိတို့၏ မြို့နယ်အတွင်း ပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအတိုင်း အသိပညာပေးခြင်း၊ လူစည်ကားရာ နေရာများတွင် ကျန်းမာရေး အသိပညာပေးပိုစတာများ စိုက်ထူခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ သံသယရှိသူများအား များများစစ်နိုင်မှသာ မြန်မြန်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ Stay at Home ကြေညာထားသည့် မြို့နယ်များ မိမိတို့မြို့နယ်အတွင်းသို့ အခြားမြို့နယ်များမှ ဝင်/ထွက်သွားလာရာတွင် ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် လုပ်ငန်းစဉ်များအတိုင်း စစ်ဆေးပြီးမှသာ ဝင်/ထွက်သွားလာနိုင်ရေး အထူးကြပ်မတ် ဆောင်ရွက်ရန်နှင့် အခြားပြည်နယ်/တိုင်းဒေသကြီးနှင့် ထိစပ်သည့် စစ်ဆေးရေးဂိတ်များ သေချာစွာ စစ်ဆေးရမည်ဖြစ်ကြောင်းနှင့် အသွားအလာကန့်သတ်ထားသော ပြည်သူများအား ကျန်းမာရေးဦးစီးဌာနနှင့် ပေါင်းစပ်၍ အာဟာရ ပြည့်ဝစွာ ကျွေးမွေးရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်နိုင်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များအား ဒေါက်တာသီဟက ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ စက်ရုံ၊ ဈေး၊ ရပ်ကွက်/ကျေးရွာ အလိုက် စစ်ဆေးဆောင်ရွက်ရမည့် အခြေအနေတို့ကို အကြံပြုဆွေးနွေး တင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မြို့နယ်အလိုက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဘားအံမြို့ သံလွင်တံတား အဖွဲ့စုံ စုပေါင်းစစ်ရေးဂိတ်တွင် ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု ကြည့်ရှုစစ်ဆေး

**ဘားအံ ဇွန် ၂၇**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် အများပြည်သူ အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် တရားမဝင်ကုန်စည်စီးဆင်းမှုများ ပပျောက်စေရေးတို့အတွက် ဇွန် ၂၅ ရက်က ဘားအံမြို့ သံလွင်တံတား စစ်ဆေးရေးဂိတ်တွင် ဌာနဆိုင်ရာဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုနှင့် လုံခြုံရေး အဆောက်အအုံများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဘားအံမြို့အဝင် သံလွင်တံတား အဖွဲ့စုံ စုပေါင်းစစ်ရေးဂိတ်၌ ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်များ ဖြတ်သန်းသွားလာမှု အခြေအနေ၊ ခရီးသွားပြည်သူများ ဝင်ထွက်သွားလာနေမှု အခြေအနေနှင့် ကုန်စည်စီးဆင်းမှု အခြေအနေများ၊ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်နေမှု အခြေအနေ၊ ရဲတပ်ဖွဲ့၊ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ စီးပွားကူးသန်း၊ စားသုံးသူရေးရာ၊ ငါးလုပ်ငန်း၊ မွေးမြူရေးနှင့် ကုသရေး အစရှိသည့်ဌာနများမှ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု အခြေအနေ၊ နေ့စဉ်မော်တော်ယာဉ်နှင့် လူဦးရေဝင်ထွက်သွားလာမှုကို မှတ်တမ်းပြုစုစာရင်းရေးသွင်း ထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက မောင်းတံတပ်ဆင်ထားရှိသွားနိုင်ရေး၊ သန့်ရှင်းသပ်ရပ်မှု ရှိစေရေး၊ အများသုံးသန့်စင်ခန်းများ ထားရှိပေးနိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် သံလွင်တံတား ဘားအံဘက်ခြမ်းနှင့် ဘားကပ် ဘက်ခြမ်းတို့တွင် လုံခြုံရေးနှစ်ထပ်ဘန်ကာများ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အရည်အသွေးများနှင့် အညီ အမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၁)တက်ရောက်

**မုံရွာ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၁) အစည်းအဝေးကို ဇွန် ၂၅ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ရီရီသန်း၊ အတွင်းရေးမှူး ဦးခင်မောင်ဆန်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကုမ္ပဏီများ တက်ရောက်ကြသည်။

တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမှာ အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စီးဝင်လာအောင် ပြည်တွင်း/ပြည်ပ လုပ်ငန်းများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် တိုင်းဒေသကြီးအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ကောင်းမွန်စွာ အသုံးချစေနိုင်ရန် အဓိကထားရည်ရွယ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ CMP စနစ်ဖြင့် ဖိနပ်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Hephaestue International Co.,Ltd က ဆောင်ရွက်ရန် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီကို အတည်ပြုမိန့် လျှောက်ထားလာခြင်းအတွက် ကြိုဆိုကြောင်း၊ ကော်မတီအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြုအမိန့်ထုတ်ပေးနိုင်ရေးကို ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက Hephaestue International Co.,Ltd မှ CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း စီမံကိန်းလုပ်ငန်းကို စစ်ကိုင်းမြို့ တင်းတိပ်ရပ်ကွက်တွင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းဖြင့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ဒေသခံပြည်သူ ၄၇၈ ဦး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည့် လုပ်ငန်းဖြစ်သည့်အတွက် တိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည့် လုပ်ငန်းဖြစ်ကြောင်းနှင့် Hephaestue International Co.,Ltd မှ တာဝန်ရှိသူက CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုး ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း ရင်းနှီးမြှုပ်နှံမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရာက်လာကြသူများက အကြံပြု ဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# ကျိုင်းတုံမြို့နယ်၌ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး အရိပ်ရ သစ်ပင် ၃၀၀ စိုက်ပျိုး



**ကျိုင်းတုံ ဇွန် ၂၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်တွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး အရိပ်ရ စိန်ပန်းနီ အပင် ၃၀၀ စိုက်ပျိုးပွဲကို ယမန်နေ့က ပန်ကွဲကျေးရွာအနီး ဗုဒ္ဓဥယျာဉ် ပရိဝုဏ်အတွင်း၌ ကျင်းပရာ ဌာနဆိုင်ရာများနှင့် နယ်မြေခံတပ်မတော်သားများ စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများသည် ဗုဒ္ဓဥယျာဉ် အမြဲတမ်းစိမ်းလန်းစိုပြည်စေရေး၊ လေထုသန့်စင်စေရေး၊ ရာသီဥတုမျှတစေရေးတို့အတွက် အရိပ်ရ စိန်ပန်းနီ ပျိုးပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်ပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဗုဒ္ဓဥယျာဉ်တွင် တည်ထားကိုးကွယ်မည့် သတ္တသတ္တာပဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်ဇင်မြင့်**

# တောင်တွင်းကြီးမြို့နယ်၌ လျှပ်စစ်မီးလင်းရေးအောင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြင်းစုကျေးရွာတွင် လျှပ်စစ်မီးလင်းရေးကော်မတီမှ လျှပ်စစ်မီးလင်းခြင်းအထိမ်းအမှတ် အောင်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူရှိန်းနှင့်အဖွဲ့ဝင်များက အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်မန်နေဂျာAE ဦးဝင်းကိုက လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးရာ ကျေးရွာပြည်သူများကိုယ်စား ဦးအောင်စိုးက ယခင်ကဖယောင်းတိုင်မီးကိုသာ သုံးစွဲခဲ့ရာမှ ယခုအခါ လျှပ်စစ်မီးအလင်းရောင် ရရှိပြီဖြစ်၍ ကျောင်းသား ကျောင်းသူများ ဒေသခံပြည်သူများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်တော့မည်ဖြစ်၍ ဝမ်းသာပီတိဖြစ်ရကြောင်း ပြောကြားသည်။

ထို့နောက် ထရန်စဖော်မာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ၁၁၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး၊ ၁၁ ကေဗွီလိုင်း တစ်မိုင်အတွက် ငွေကျပ်သိန်း ၆၀၀ ခန့်တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ကျေးရွာပြည်သူ ၂၅၄ အိမ်ထောင်စုတို့မှ တည်ဆောက်စရိတ်အဖြစ် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၃၅ သိန်း အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကျောက်ဆည်မြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကျောက်ဆည် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းကို ယမန်နေ့က လယ်ကြီးကျေးရွာအုပ်စု မြို့သာကျေးရွာ မဟာပွင့်တော်မူဓမ္မာရုံတွင် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးယဉ်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးတို့က ကြည့်ရှုအားပေးပြီး ပြည်သူများနှင့် တွေ့ဆုံကာ ပန်းခင်းစီမံချက်အကြောင်း ရှင်းလင်းပြောကြားသည်။

ထိုသို့ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးရာတွင် အသက် ၁၆ နှစ်နှင့် ၁၈နှစ်အကြား အမျိုးသား ရှစ်ဦး၊အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၆ ဦး၊ အသက် ၁၈ နှစ်အထက် အမျိုးသား၁၄ ဦး ၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၃၁ ဦးနှင့် လူဦးရေ ၅၀ ဝင်သည့် ပြောင်းဝင် အိမ်ထောင်စု ၁၆ ခုကို နေ့ချင်းပြီး ဆောင်ရွက်ပေးကြောင်း သိရသည်။**သက်မောင်(ကျောက်ဆည်)**

# ကျွန်းစုမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်

**ကျွန်းစု ဇွန် ၂၇**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မိုးရာသီအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မရှိစေရန်အတွက် ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုအဖြစ် ယမန်နေ့က မြို့ပေါ် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်တို့၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရဲမင်းဦး ဦးစီး၍ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်/ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ရပ်ကွက်တစ်ခုတွင် အုပ်စု သုံးစုခွဲ၍ ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ သွားရောက်၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်မှု ရှိ မရှိ စစ်ဆေးသည်။

ထို့နောက် ခြင်ကောင်ဖြစ်မှ နှိမ်နင်းခြင်းထက် ပိုးလောက်လမ်းဘဝတွင် နှိမ်နင်းခြင်းဖြင့် သွေးလွန်တုပ်ကွေး ရောဂါကို ပိုမိုထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ပြီး နေအိမ်အနီးရှိ ခြင်ခို အောင်းနိုင်သော ချုံနွယ်ပင်များ၊ အမှိုက်များကို ရှင်းလင်းရန် လိုအပ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေသည့် အကြောင်းရင်းများနှင့် ရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အသိပညာပေးပြောကြားကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

# ဘူးသီးတောင်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ရေး မြို့အဝင်ဂိတ်၌ စစ်ဆေးမှုများပြုလုပ်လျက်ရှိ

**ဘူးသီးတောင် ဇွန် ၂၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးအထူးဂရုပြုဆောင်ရွက်လျက်ရှိရာ ရောဂါကြိုတင်ကာကွယ်ရေးအနေဖြင့် ဘူးသီးတောင်-မောင်တောသွားရာ မြို့အဝင်ဂိတ်၌ ယမန်နေ့နံနက်ကစတင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စောမင်းသိန်းတို့ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရီးသွားပြည်သူများအား အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်း ဖြန့်ဝေပေးခြင်း၊ လက်ကို လက်သန့်ဆေးဖြင့် သန့်စင်အောင်ဆေးကြောစေခြင်းတို့ပြုလုပ်ကာ ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ကြသည်။

ဘူးသီးတောင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးတို့အတွက် မြို့ဝင်/မြို့ထွက်စစ်ဆေးရေးဂိတ်များထားရှိကာ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖွဲ့စည်းပြီး စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မင်းဘူး(စကု)မြို့နယ် နန်းဦးကျေးရွာ အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**မင်းဘူး ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် နန်းဦးကျေးရွာ အဝင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် လူမှုတာဝန်သိမှု CSR ရန်ပုံငွေဖြင့် ရွာအဝင်လမ်းခင်းခြင်း စတင်လုပ်ဆောင်နေပြီဖြစ်သည်။

အဆိုပါ ရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းမှာ အရှည် ပေ ၉၅၀ ၊ အကျယ် ၁၄ ပေ နှင့် ထု ရှစ်လက်မရှိပြီး ခွင့်ပြုငွေကျပ် ၂၆၀၆၅၉၂၆ သိန်းဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပါက နန်းဦးကျေးရွာတွင် အိမ်ခြေပေါင်း ၁၁၅ အိမ်မှ လူဦးရေပေါင်း ၄၅၃ ဦးတို့၏ စီးပွားရေး၊ ကျန်းမာရေးနှင့် ကျောင်းသား ကျောင်းသူများ၏ သွားရေးလာရေး အဆင်ပြေလာမည်ဖြစ်သဖြင့် ပညာရေးကဏ္ဍတို့တွင်လည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း မင်းဘူး(စကု)မြို့နယ် နန်းဦးကျေးရွာအုပ်ချုပ်ရေးမှူး ဦးလွင်လွင်ဦးထံမှ သိရသည်။

**ဇေယျာထက် (မင်းဘူး)**

# စက်မှုလုပ်ငန်း အရှိန်မပျက် လည်ပတ်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်

**ရန်ကုန် ဇွန် ၂၇**
စက်မှုလုပ်ငန်းများ အများဆုံးတည်ရှိရာ ရန်ကုန်မြို့တွင် ကုန်ကြမ်းယူ၍ ကုန်ချောတင်ပို့ရာ၌ ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းတို့ကို အသုံးပြုလျက်ရှိရာ လတ်တလောတွင် ပင်လယ်ရေကြောင်းမှ သင်္ဘောအဝင်နည်းခြင်းနှင့် နယ်စပ်လမ်းကြောင်းတွင်လည်း သယ်ယူပို့ဆောင်ရေး အခက်အခဲများကြောင့် စက်ရုံလုပ်ငန်းများ ပိုမိုလည်ပတ်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် စက်မှုလုပ်ငန်းများ အရှိန်မပျက် လည်ပတ်နေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ သိရသည်။


စက်မှုလုပ်ငန်းမှ ကုန်ချောများကို ပြည်ပသို့တင်ပို့သည့် ကုန်တင်သင်္ဘောတစ်စီးကို ရန်ကုန်ဆိပ်ကမ်း၌ တွေ့ရစဉ်

**သယ်ယူပို့ဆောင်ခစရိတ် တိုးမြင့်လာ**

စက်မှုကဏ္ဍတွင် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများကို ပွင့်လန်းစေသည့် အမျိုးသမီးတို့အတွက် အထည်ချုပ်လုပ်ငန်း၊ အမျိုးသားတို့အတွက် ဆောက်လုပ်ရေးလုပ်ငန်းတို့ရှိရာ လုပ်ငန်းနှစ်မျိုးလုံးအတွက် ကုန်ကြမ်းတင်သွင်းမှုနှင့် ပြည်ပမှ အလုပ်အပ်နှံမှုတွင် အခက်အခဲများရှိပြီး ပို့ကုန်အသင့်ရှိသော်လည်း ကုန်ချောတင်ပို့မည့် သင်္ဘောကို အလှည့်ကျစောင့်ဆိုင်းရခြင်းကြောင့် သတ်မှတ်ရက်အတွင်း ကုန်ချောတင်ပို့ရန် အခက်အခဲများရှိလာကာ ကုန်ပစ္စည်းအပေါ်မူတည်၍ သယ်ယူပို့ဆောင်ခ စရိတ်မှာ ယခင်ထက် နှစ်ဆမှ ငါးဆအထိ တိုးမြင့်လာကြောင်း သိရသည်။

နယ်စပ်မှတင်သွင်းသော ကုန်ကြမ်းပစ္စည်းများမှာလည်း လမ်းခရီးအခက်အခဲကြောင့် စက်ရုံသို့ အဝင်နောက်ကျခြင်းနှင့် ကုန်ကြမ်းပြတ်လပ်မှုတို့ကို ရင်ဆိုင်ရနိုင်ကာ ငွေပေးချေမှုကဏ္ဍတွင်လည်း အကြေအလည်ပေးချေနိုင်ရန် အခက်အခဲများရှိနေကြောင်း၊ စက်ရုံဝန်ထမ်းများအား လုပ်ခလစာ ပေးချေရာတွင်လည်း အခက်အခဲအချို့ရှိနေသဖြင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေကြေးလည်ပတ်နိုင်ရန်**

"ကျွန်တော်တို့ စက်မှုကုန်ထုတ်အသင်းအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ စက်မှုလုပ်ငန်းရှင်တွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စတွေကို ဆောင်ရွက်ပေးနေပါတယ်။ ပြည်တွင်း လုပ်ငန်းရှင်တွေရဲ့ အသေးစား၊ အလတ်စား လုပ်ငန်းတွေ ဖွံ့ဖြိုးဖို့နဲ့ အထည်ချုပ်လုပ်ငန်းအပါအဝင် ပြည်ပရင်းနှီးမြှုပ်နှံမှု သွင်းကုန်၊ထုတ်ကုန်လုပ်ငန်းတွေကို ပံ့ပိုးပေးနေတာရှိပါတယ်။ ပြီးတော့ ပြည်ပပို့ကုန်မှာ နိုင်ငံတကာက အော်ဒါပေးတဲ့သူတွေ စိုးရိမ်နေတာတစ်ခုက ကိုဗစ်-၁၉ ရောဂါကြောင့် အရင်တစ်ခါလို စက်ရုံတွေပိတ်ရရင် သူတို့မှာထားတဲ့ ပစ္စည်းတွေ အချိန်မီ ပြန်မရောက်လာမှာကို စိုးရိမ်နေတာရှိတယ်။ သူတို့က ရာသီအလိုက် ကုန်ပစ္စည်းကို အံကိုက်မှာပြီး ရောင်းကြတာ၊ ဒါကြောင့် စက်မှုလုပ်ငန်းလည်ပတ်မှုမှာ ရောဂါထိန်းချုပ်နိုင်ရေးနဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့ရေးက အထူးလိုပါတယ်။ နောက်တစ်ခုက ကုန်ကြမ်းဝယ်ဖို့နဲ့ လုပ်ခလစာရှင်းဖို့အတွက် ငွေကြေးလည်ပတ်နိုင်ဖို့လည်း လိုအပ်ပါတယ်"ဟု မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**အရှိန်မပျက် ဆက်လက်လည်ပတ်**

လက်ရှိ စက်မှုလုပ်ငန်းတွင် တွေ့ကြုံနေရသော ပြည်ပ ကုန်စည်ပို့ဆောင်ခစရိတ် ကြီးမြင့်လာမှုကြောင့် ဒေသတွင်း စက်မှုလုပ်ငန်းများနှင့် ယှဉ်ပြိုင်မှုတွင် အခက်အခဲရှိနိုင်ပြီး ကုန်ကြမ်းယူ ကုန်ချောတင်ပို့မှုတွင်လည်း သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်သလို စက်သုံးဆီဈေးနှုန်း မြင့်တက်မှုကို ဖြေလျှော့ပေးခြင်းဖြင့် စက်မှုလုပ်ငန်းများ ပုံမှန် လည်ပတ်လျက် ကိုဗစ်-၁၉ ရောဂါကာလ၌ ပြည်တွင်းစီးပွားရေးတည်ငြိမ်မှုရလဒ်ကို ရရှိမည်ဖြစ်သည်။

အထူးသဖြင့် ရန်ကုန်ဆိပ်ကမ်းတွင် ရောက်ရှိနေသော ကွန်တိန်နာများကို မြန်ဆန်စွာ သယ်ယူနိုင်ခြင်း၊ ပို့ဆောင်နိုင်ခြင်းနှင့် ရန်ကုန်မြို့ရှိ စက်မှုဇုန်ပေါင်း ၂၉ ဇုန်တွင်ကြုံတွေ့နေရသော ရေလမ်းကြောင်းမှပို့ဆောင်မှု အခက်အခဲကို အဆင်ပြေချောမွေ့စေရန် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုဖြင့် ပြည်တွင်း စက်မှုလုပ်ငန်းများ အရှိန်မပျက် ဆက်လက်လည်ပတ်နေမည်ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ
ဓာတ်ပုံ - ကနူး

# လယ်မြေ ဧက ၂၀၀၀၀ ခန့်ကို အကျိုးပြုမည့် ကျေးရွာကုန်ထုတ်တံတား တည်ဆောက်နေ

**စလင်း ဇွန် ၂၇**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကုန်းသောင်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးလက်ဒေသများရှိ ထွက်ကုန်များကို ရာသီမရွေး ဈေးကွက်သို့ အချိန်မီ သယ်ပို့နိုင်ရန်အတွက် ကုန်ထုတ်တံတားတစ်စင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၂၄၅ ဒသမ ၈ သန်းဖြင့် တည်ဆောက်လျက်ရှိသည်။


၉၀ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေသည့် ကုန်းသောင်ကျေးရွာကုန်ထုတ်တံတား

အဆိုပါ ကုန်ထုတ်တံတားသည် ကုန်းသောင်ကျေးရွာနှင့် သစ်ကိုက်ကျေးရွာတို့ကြားတွင် တည်ရှိပြီး တံတားအရှည် ပေ ၁၂၀၊ အကျယ် ၁၄ ပေနှင့် ခွင့်ပြုအလေးချိန် ၃၆ တန်ရှိမည်ဖြစ်သည်။ အောက်ခံအုတ်မြစ် 0.8 m Bored Pile၊ သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် ရေလယ်တိုင်ကိုယ်ထည်၊ 40' RC Girder၊ သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ပြီး ယင်းတံတားကို ပြည့်ဝတိုးကုမ္ပဏီက တာဝန်ယူ၍ တည်ဆောက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစိုးခိုင်ထံမှ သိရသည်။

တံတားတည်ဆောက်မှုပြီးစီး၍ အသုံးပြုနိုင်ပါက စလင်းမြို့နယ်အတွင်း ကုန်းသောင်ကျေးရွာ အပါအဝင် ကျေးရွာ ၁၇ ရွာရှိ အိမ်ခြေ ၂၆၀၀ ခန့်မှ လူဦးရေ ၁၂၀၀၀ ခန့်အတွက် သွားလာရေး လွယ်ကူချောမွေ့စေမည့်အပြင် ဒေသတွင်း လယ်ယာမြေ ဧကပေါင်း ၂၀၀၀၀ မှ ထွက်ရှိသော သီးနှံများကို မြို့ပေါ်ဈေးကွက်သို့ ရာသီမရွေး အဆင်ပြေလွယ်ကူစွာ သယ်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အထွေး**

# လသာမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**ရန်ကုန် ဇွန် ၂၇**
ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၉) ရပ်ကွက်အတွင်းမှ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး၌ ပန်းခင်းစီမံချက်အရ ဇွန် ၂၆ ရက်က ပြုလုပ်ပေးခဲ့သည်။

မြို့နယ်လဝကဦးစီးမှူး ဦးတင်ထူးနှင့် ဝန်ထမ်းများက အမှတ်(၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်း၍ ရပ်ကွက်နေပြည်သူများအား မြို့နယ်ဦးစီးမှူးရုံးသို့ ဖိတ်ခေါ်ပြီး မွေးရာပါနိုင်ငံသား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်သူ လေးဦး၊ မွေးရာပါနိုင်ငံသား အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်လဲလှယ်သူ သုံးဦး၊ မွေးရာပါနိုင်ငံသား နိုင်ငံသားစိစစ်ရေးကတ်ပျောက်ပျက်/မိတ္တူ ပြုလုပ်သူ ခုနစ်ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်းတွင် ပြောင်းဝင်နှင့် မွေးတိုး ဖြည့်စွက်မှုများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း နေထိုင်ကြသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး ရရှိစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ပန်းခင်းစီမံချက်ကို ဆောင်ရွက်၍ မြို့နယ်အသီးသီး၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စိစစ်ပြုလုပ်ပေးလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**



# ငါးသိုင်းချောင်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ငါးသိုင်းချောင်း ဇွန် ၂၇**
ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများကို ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြည်သူများထံသို့ ဇွန် ၂၇ ရက်က အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ငါးသိုင်းချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်မြေရဲတပ်ဖွဲ့၊ နယ်မြေမီးသတ်တပ်ဖွဲ့၊ မြို့စည်ပင်သာယာရေးအဖွဲ့၊ ပြန်/ဆက်ဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်ခြောက်ခုမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က လူစည်ကားရာ နေရာများဖြစ်သော လမ်းမတော်လမ်း၊ မြို့မဈေးထိပ်၊ ရေယာဉ်ဆိပ်ကမ်းနှင့် စည်ပင်သာယာ မြို့မဈေးကြီးတို့အတွင်း လှည့်လည်၍ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ရေး အသိပေးနှိုးဆော်ပြီးနောက် နှာခေါင်းစည်း အခုရေ ၅၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရန် ကြိုတင်စာရင်းကောက်ယူပြုစုခြင်းများ ဆောင်ရွက်နေ

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် စံပြတံတားချောင်း ကျေးရွာတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်း၍ ကြိုတင် စာရင်းကောက်ယူပြုစုခြင်း လုပ်ငန်းများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဇွန် ၂၄ ရက်မှစ၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်း၌ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှုအရ နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူ ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ် ရရှိရေးနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ရရှိစေရေးအတွက် ပန်းခင်းစီမံချက်ကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဆောင်ရွက်ပြီး မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးလျက်ရှိသည်။

ဒလမြို့နယ်၌လည်း နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရပ်ကွက်နှင့် ကျေးရွာများအရောက် ကွင်းဆင်းပြုလုပ်ပေးလျက်ရှိသလို မြို့နယ်ရုံး၌လည်း ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ပြည်သူများ လုပ်ဆောင်နိုင်ကြောင်း သိရသည်။

ကြိုတင် စာရင်းကောက်ယူပြုစုခြင်းများနှင့် ပတ်သက်၍ "မြို့နယ်လဝက ကွင်းဆင်းလာရင် လုပ်ငန်းတွေမြန်ဆန်ပြီး စနစ်တကျလည်း ဖြစ်အောင် စာရင်းကြိုတင်ပြုစုနေတာပါ။ အဓိကအနေနဲ့ အသက် ၁၈ နှစ်ပြည့်ပြီး မှတ်ပုံတင် မလုပ်ရသေးသူတွေနဲ့ မှတ်ပုံတင်ကို တစ်ခါမှ မလုပ်ရသေးသူတွေကို စာရင်းကောက်ယူပါတယ်"ဟု စာရင်းကောက်ယူနေသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်များလည်း နိုင်ငံတော်အစိုးရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မိုးပွင့်စီမံချက်နှင့် သစ္စာစီမံချက်တို့ဖြင့် ရပ်ကွက်နှင့် ကျေးရွာများအရောက် ကွင်းဆင်းကာ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း၊ ယခုလည်း ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းပြုလုပ်ပေးနေသည့်အတွက် ပြည်သူများအနေဖြင့် ငွေကြေးကုန်ကျမှုလည်းနည်းပါး၍ အလုပ်ခွင်မပျက်ဘဲ နိုင်ငံသားစိစစ်ရေးကတ်များ ရရှိကိုင်ဆောင်နိုင်သောကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ဦး**

## ဒေးဒရဲမြို့၌ အားကစားပြိုင်ပွဲများအတွက် ဆုများချီးမြှင့်

**ဒေးဒရဲ ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အားကစားတိုးတက်ရေးအစီအစဉ်(TSDP) အရ ကျင်းပခဲ့သော အသက် ၁၃ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ၂၅ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် မြန်မာ့သိုင်းပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကို မြို့နယ်အားကစားခန်းမ၌ ဇွန် ၂၆ ရက်ကကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က ဒေးဒရဲမြို့နယ်အတွင်း ကျောင်းသားလူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဗလငါးတန် ဖွံ့ဖြိုးစေရန်၊ ရပ်ကွက်နှင့် ကျောင်းပေါင်းစုံမှ ထူးချွန်ထက်မြက်သော လူငယ်ကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲများ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားပြီးနောက် ဖျာပုံခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်စန္ဒာဦးနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **အေဇာလင်း**




## ညောင်လေးပင်မြို့မှ စားသောက်ဆိုင်များ၊ တည်းခိုခန်းများတွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အတွင်းရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် တည်းခိုခန်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချစေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ကော်မတီနှင့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဇွန် ၂၅ ရက်က ကွင်းဆင်း စစ်ဆေးခဲ့သည်။




စားသောက်ဆိုင်တစ်ဆိုင်၌ တာဝန်ရှိသူများ ဝင်ရောက်စစ်ဆေးနေစဉ်

စစ်ဆေးရာတွင် ရောင်းချသူများအနေဖြင့် နှာခေါင်းစည်းနှင့် မျက်နှာအကာ(Face shield) တပ်ဆင်၍ စနစ်တကျရောင်းချမှု ရှိမရှိနှင့် အခြား ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ထားခြင်း ရှိမရှိကို မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသရေးကော်မတီမှ ဦးဇော်မင်းယု၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလင်းခိုင်ဖြိုးနှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာသဲဝတ်ရည်ထွန်းတို့ ဦးဆောင်သော ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ကြည့်ရှုစစ်ဆေး၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက် စာရွက်များကိုလည်း ဖြန့်ဝေပေးအပ်ခဲ့သည်။

ထို့အပြင် စားသုံးသူများ ဆိုင်အတွင်းသို့ မဝင်ရောက်မီ ကိုယ်အပူချိန် တိုင်းတာရန်၊ နှာခေါင်းစည်း တပ်ဆင်အသုံးပြုထားမှသာ ဝင်ရောက်ဝယ်ယူစေရန်၊ လက်ဆေးရန်နေရာများကို ဆိုင်၏ဝင်ပေါက်ဝတွင် ထားရှိပေးပြီး ဝယ်သူများအား အသုံးပြုစေရန်၊ လက်သန့်ဆေးရည်ဘူးများ ထားရှိအသုံးပြုစေရန်၊ ဆိုင်အတွင်း၌ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာထိုင်၍ စားသောက်နိုင်အောင် စီစဉ်ပေးရန်နှင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာတစ်ခုခု တွေ့ရှိပါက သက်ဆိုင်ရာသို့ ချက်ချင်း အသိပေးအကြောင်းကြားရန် နှိုးဆော်မှုများ ဆောင်ရွက်ခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**

## ဓနုဖြူမြို့နယ်၌ သဘာဝချောင်းရေပြင်အတွင်း ငါးသားပေါက် ကောင်ရေသုံးသိန်း မျိုးစိုက်ထည့်

**ဓနုဖြူ ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်ရှိ သဘာဝ မြစ်ချောင်းအင်းအိုင်များအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးမျိုးကောင်း မျိုးသန့်များ ပြန့်ပွားစေရေးနှင့် ဒေသတွင်းမှ ကျေးလက်နေပြည်သူများ ငါးရိက္ခာ ပိုမိုစားသုံးနိုင်စေရေး ရည်ရွယ်ချက်များဖြင့် သဘာဝ မြစ်ချောင်းအင်းအိုင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ ကျုံတနော်အရှေ့ကျေးရွာ ကျုံတနော်ချောင်း၌ ဇွန် ၂၆ ရက်က ပြုလုပ်ခဲ့သည်။



ငါးမျိုးစိုက်ထည့်ပွဲတွင် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် အဖွဲ့ဝင် ဦးစိန်မောင်ဝင်း၊ မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ပန်းတနော် ငါးလုပ်ငန်းစခန်းမှ တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အင်းသားကြီးများနှင့် ရေလုပ်သားများ တက်ရောက်ပြီး နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း သားပေါက် ကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီးသားပေါက် ကောင်ရေ တစ်သိန်းနှင့် ရွှေဝါငါးကြင်း သားပေါက် ကောင်ရေ တစ်သိန်းတို့ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်

**မော်လမြိုင် ဇွန် ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ Field Day အစီအစဉ်အဖြစ် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဇွန် ၂၆ ရက်က မော်လမြိုင်မြို့နယ် ကြာအင်းစံပြကျေးရွာရှိ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်နွယ်နွယ်က စားသောက်ကုန်ပြုလုပ်နည်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများအတွက် Field Day အစီအစဉ်ဖြင့် တစ်ရက်တာ သင်တန်းဖွင့်လှစ်၍ သင်ကြားပေးခြင်းဖြစ်ကြောင်းနှင့် စားသောက်ကုန်ပြုလုပ်နည်းများကို လက်တွေ့အသုံးချပြီး မိသားစုအတွက် အာဟာရပြည့် စားသောက်ဖွယ်ရာများ ဖန်တီးပေးနိုင်ရုံသာမက တစ်ပိုင်တစ်နိုင် အိမ်တွင်းအသေးစား စက်မှုလက်မှုလုပ်ငန်းအဖြစ် ထူထောင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

သင်တန်းတွင် ကြက်ဥခေါက်မုန့်၊ ဒူးရင်းသီး pillow၊ ငှက်ပျောသီး pillowနှင့် သရက်သီးပူတင်း ပြုလုပ်ပုံအဆင့်ဆင့်ကို သင်တန်းနည်းပြဆရာမ ငါးဦးက လက်တွေ့သင်ကြားပေးခဲ့ပြီး သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့သည်။ ယင်းသင်တန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကာ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ၂၀၂၀ အောက်တိုဘာလမှ ၂၀၂၁ မေလအတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ရှစ်ကြိမ်ကိုလည်း ပို့ချခဲ့ပြီးဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ လူသုံးကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲတက်ရောက်

**မကွေး ဇွန် ၂၇**

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင် တက်ရောက်၍ အမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသအတွင်း၌ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နှစ်စဉ် အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းများ၊ နည်းပညာ ဖြန့်ဖြူးပေးခြင်းသင်တန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းငယ်များကို လုပ်ငန်းမှတ်ပုံတင်ပေးခြင်း၊ Innovation လုပ်ငန်းများ၊ သုတေသန ဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းပြည်သူလူထုအနေဖြင့် ဤဌာနမှ သင်ကြားပို့ချပေးသည့် သင်တန်းများကို တက်ရောက်ပြီး အသိပညာ၊ အတတ်ပညာများ ရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်နိုင်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်ငယ်များ ပေါ်ထွက်လာစေရန်အတွက် ဌာနအနေဖြင့် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယနေ့ သင်တန်းဆင်းပွဲပြုလုပ်သည့် လူသုံးကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းသည် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှ ခွင့်ပြုပေးသည့် ရန်ပုံငွေဖြင့် အခမဲ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းဆင်းပြီးသည့်အခါမှာလည်း သင်တန်းမှ သင်ကြားပို့ချပေးလိုက်သည့် နည်းပညာများကို မိမိကိုယ်ရည်ကိုယ်သွေး အကြံဉာဏ်များအသုံးချပြီး မိသားစုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းငယ်များ ထူထောင်လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားသည်။



ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအမှာစကားပြောကြားကာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်၊ အဖွဲ့ဝင် ဦးစိုးပိုင်မြင့်နှင့် တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

သင်တန်းဆင်းပွဲအပြီးတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမအတွင်း သင်တန်းဖွင့်လှစ်ပို့ချစဉ် အသုံးပြုဆောင်ရွက်ခဲ့သည့် စက်ပစ္စည်းများ၊ သင်တန်းထွက် ကုန်ချောပစ္စည်းများနှင့် သင်တန်းတွင် အသုံးပြုသည့် သုတေသနဓာတ်ခွဲစမ်းသပ်ခန်းတို့အား လှည့်လည်ကြည့်ရှုကြောင်း သိရသည်။ (အပေါ်ပုံ) **မောင်ညီညာ(မကွေး)**



## ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပဲခူးမြို့ရန်ကင်းသာပန်းခြံ တည်ဆောက်ပြုပြင်နေမှု ကြည့်ရှု

**ပဲခူး ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ဇွန် ၂၇ ရက်က ကောင်စီဝင် ဦးတင်ဦး၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ညွှန်ကြားရေးမှူး ဦးရဲထွဋ်တို့နှင့်အတူ ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိ ရန်ကင်းသာပန်းခြံ အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုကြသည်။ (အပေါ်ပုံ)

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား ရန်ကင်းသာပန်းခြံ အဆင့်မြှင့်တင် ပြန်လည် တည်ဆောက်ရာတွင် တာဝန်ယူ ဆောင်ရွက်နေသည့် ပဲခူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် မြို့တော်ခန်းမတွင် ဖွင့်လှစ်ထားရှိသော ဖျားနာကု အခမဲ့ဆေးခန်းသို့လည်းကောင်း၊ ညဈေးဖွင့်လှစ်မည့် ရုံးကြီးရပ်ကွက်၊ ပြည်တော်သာလမ်း လမ်းလယ်ကျွန်း ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့အထိမ်းအမှတ် မြစ်ကြီးနားမြို့အတွင်း လမ်းဘေးဝဲယာများတွင် အရိပ်ရအပင်များ စုပေါင်းစိုက်ပျိုးပေး

**မြစ်ကြီးနား ဇွန် ၂၇**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကြီးမှူး၍ ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ်အဖြစ် မြစ်ကြီး နားမြို့ စီတာပူရပ်ကွက် ဆိမ်ဆာ့လမ်း စက်မှုရပ်ကွက် ဗလမင်းထင် ချဉ်းကပ်လမ်းနှင့် ရွှေလမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲ/ယာတို့တွင် အရိပ်ရသစ်ပင်များကို ဇွန် ၂၇ ရက် နံနက် ၈ နာရီက စုပေါင်းစိုက်ပျိုးကြသည်။

ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်အတွက် အရိပ်ရအပင်များကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ဇနီးဒေါ်နန်ဆိုင်း၊ ပြည်နယ်ကောင်စီ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဥပဒေချုပ်တို့အား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများကဖြန့်ဝေပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက စီတာပူရပ်ကွက်၊ ဆိမ်ဆာ့လမ်းရှိ ကုန်တင်ကုန်ချကွင်းအနီး လမ်းဘေးဝဲ/ယာတို့တွင် အရိပ်ရပင်များကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စက်မှုရပ်ကွက်၊ ဗလမင်းထင် ချဉ်းကပ်လမ်းနှင့် အေးမြသာယာရပ်ကွက် ရွှေလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲ/ယာတို့တွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ချယ်ရီ၊ ခရေ၊ ပုန်းညက်၊ အာဖရိကန်ကျူးလစ်၊ စက္ကူပန်း၊ ပိတောက်၊ ငုဝါ၊ မန်ဂျန်ရှား၊ ပန်းအိ၊ စိန်တံခြူ၊ အာဆီယံသပြေပင် စသည့် အရိပ်ရအပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

အလားတူ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြစ်ကြီးနား မြို့နယ်အတွင်း မြို့တွင်း လမ်းဘေးဝဲ/ယာများနှင့် မြေယာရှုခင်းများတွင် မိုးရာသီ အရိပ်ရသစ်ပင်စုစုပေါင်း ၃၀၀၀၀ ကို စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်း စည်ပင်သာယာရေးအဖွဲ့ ထံမှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## သီပေါမြို့နယ် ပေါ်ကြိုမော်ကေဆားတွင်းကျေးရွာ၌ မှော်ဘီ(၂) မျိုး ခေါင်နှံ့ပျိုးထောင်မှုဆောင်ရွက်

**သီပေါ ဇွန် ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာအုပ်စု မော်ကေဆားတွင်းကျေးရွာ တောင်သူလယ်သမားကြီး ဦးစိုင်းအောင်ပု လယ်မြေတွင် မှော်ဘီ(၂) မျိုး ခေါင်နှံ့ပျိုးထောင်မှုလုပ်ငန်းများကို ယနေ့နံနက်က စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ စပါးခေါင်နှံ့ပျိုးထောင်ရာသို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးထွန်းမင်းဦးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ကွင်းတာဝန်ခံများ၊ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြသည်။

သီပေါမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးရာသီ၌ လယ်နှင့်တောင်ယာအပါအဝင် မိုးစပါးဧက ၄၆၄၁၁ ဧက စိုက်ပျိုးရန်လျာထားသဖြင့် လိုအပ်သောသွင်းအားစု ပစ္စည်းများကိုလည်း ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၇**

မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ ဇွန် ၂၆ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ငဖဲမြို့နယ် မြို့မရပ်ကွက်ရှိ ဦးမောင်မောင်လွင်(ခ)ကိုပေါက်(စိစစ်ဆဲ)ပိုင်ဆိုင်ပြီး လူနေထိုင်ခြင်းမရှိသည့် နေအိမ်၌ လက်လုပ်ဗုံးများပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါနေအိမ်အတွင်းမှ လက်လုပ်မိုင်း ၂၁ လုံး၊ လက်လုပ်ကျည်ဆန် ၁၃ တောင့်၊ အရှည် ပေ ၁၅၀ ခန့်ရှိယမ်းကြိုးခွေ တစ်ခွေ၊ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



(ဝဲမှယာ)တရားခံ ရွှေစိုး၊ ကောင်းမြတ်သူ၊ ရန်လင်းအောင်၊ နန္ဒစိုး၊ နှင်းနုထား၊ နှင်းရီရီလွင်



ကရင်ပြည်နယ် မြဝတီမြို့၌ အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦးတို့အား LUGER ပစ္စတိုတစ်လက်၊ ကျည် ၁၉ တောင့်၊ လက်လုပ်မိုင်းနှစ်လုံး၊ ဒရုန်းသုံးခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။

အလားတူ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဇော်ဂျီ(၁)လမ်းရှိ ပိုင်ရှင်(စိစစ်ဆဲ)၏ ငါးထပ်တိုက်အပေါ်ဆုံးထပ်၌ အကြမ်းဖက်ဖောက်ခွဲရေးပြုလုပ်သူများ ရောက်ရှိနေထိုင်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအခန်းအတွင်းမှ မြဝတီမြို့နယ် ထိဝါပလောကျေးရွာနေ ကောင်းမြတ်သူ(၃၅)နှစ် (ဘ)ဦးခွေးကြီး၊ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက်နေ ရွှေစိုး(၃၂)နှစ် (ဘ) ဦးသိန်းထွန်း၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ကံ့ကော်ရပ်ကွက်နေ ရန်လင်းအောင်(၂၄)နှစ် (ဘ) ဦးစန်ခမ်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုနားရပ်ကွက်နေ နန္ဒစိုး(၃၁)နှစ် (ဘ) ဦးညိုမောင်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၈)မိုင်နေ မနှင်းရီရီလွင် (၂၄) နှစ် (ဘ) ဦးကျော်မြင့်နှင့် ကမာရွတ်မြို့နယ် မဟာဗောဓိ(၂)လမ်းနေ မနှင်းနုထား(၃၂)နှစ်တို့ ခြောက်ဦးအား LUGER ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည် ၁၉ တောင့်၊ ဖုန်းဖြင့်တွဲလျက် လက်လုပ်မိုင်းနှစ်လုံး၊ ဒရုန်းသုံးခု၊ လက်ကိုင်ဖုန်းခြောက်လုံး၊ အခြားဆက်စပ်ပစ္စည်းများတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့အတူ ည ၈ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်၊ ၇၁ လမ်းနှင့် ၃၉ လမ်းကြားရှိ အိမ်အမှတ်(က/၇၂)နေ မျိုးဇာနည်(၃၈)နှစ် (ဘ) ဦးမောင်မောင်၏ နေအိမ်၌ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်းမှ မျိုးဇာနည်နှင့်အတူ မဟာအောင်မြေမြို့နယ် မြောက်ပြင်ထားဝယ်ရပ်နေ အောင်စိုးထိုက်(၂၆)နှစ် (ဘ) ဦးစိုးမြင့်၊ မိုးမင်းသူ (ခ) မိုးကြီး၊ မိုးစက်(ခ) ပြည့်ဖြိုးအောင်နှင့် မအင်ကြင်းခိုင်တို့ လေးဦးတို့ကို တွေ့ရှိရပြီး ဆက်လက် ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ကျည်ကာအင်္ကျီ ၁၀ ထည်၊ လက်လုပ်သေနတ်နှစ်လက်၊ ၎င်းကျည်လေးတောင့်၊ လက်လုပ် Gas သေနတ်တစ်လက်၊ လက်လုပ်မိုင်းမျိုးစုံ ၅၉ လုံး၊ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



(ဝဲမှယာ)တရားခံ အောင်စိုးထိုက်၊ မိုးမင်းသူ(ခ)မိုးကြီး၊ မိုးစက်(ခ)ပြည့်ဖြိုးအောင်၊ မျိုးဇာနည်၊ အင်ကြင်းခိုင်

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦးတို့အား လက်လုပ်သေနတ်၊ လက်လုပ်မိုင်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။

အလားတူ ဇွန် ၂၇ ရက် နံနက် ၁၀ နာရီခန့်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ကျော်ဝင်း (၆၇) နှစ် (ဘ) ဦးရွှေ၏နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအားနေအိမ်အတွင်းမှ လက်လုပ်လေသေနတ်တစ်လက်၊ ဆိုင်ကယ်စပုတ်တံထည့်၍ ပစ်ခတ်ရသော ဒူးလေးတစ်လက်၊ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုးညှင်း၊မဘိမ်းနှင့် ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၅ ရက် မွန်းလွဲ ၃ နာရီတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာ နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် TOYOTA HIACE အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ခရီးသည် မင်းဇော်ဦး



(ခ)ပန့်ကြီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၀ ဒသမ ၀၂၄ ကီလိုတို့ကို လည်းကောင်း၊ ထိုနေ့နံနက် ၁၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် တုံကွာကျေးရွာအုပ်စု တုံကွာကျေးရွာအနီးတွင်မသင်္ကာဖွယ်တွေ့ရှိသူဘသောင်းကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၃၆ ကီလိုကို လည်းကောင်း။

ထို့အတူ ဇွန် ၂၅ ရက် မွန်းလွဲ ၃ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု နန့်ပန်တက် ကျေးရွာ စစ်ဆေးရေးဂိတ်အနီးတွင် Super Custom အမျိုးအစား AMBULANCE မော်တော်ယာဉ်သည် စစ်ဆေးရေးဂိတ်သို့မရောက်မီ ရပ်တန့်ပြီး ယာဉ်မောင်းမှာ လမ်းဘေးတောအတွင်းသို့ ထွက်ပြေးသွားသဖြင့် ယာဉ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၅ ဒသမ ၂၄၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ညောင်ဦးမြို့၌ မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ညောင်ဦး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၄)တိုးချဲ့ရပ်ကွက်တွင် ဇွန် ၂၆ ရက် နံနက် ၁ နာရီ မိနစ် ၂၀ ခန့်က ညောင်ဦးမြို့ အမှတ်(၄)တိုးချဲ့ရပ်ကွက်တွင် ဦးရဲဝင်းထွန်းပိုင်ဆိုင်သော ဝဲသားစပွန်း(ပုဂံ)စားသောက်ဆိုင်အတွင်းရှိ ၁၀ ကေဗွီ မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရပြီး အဆိုပါ မီးလောင်ရာသို့ ညောင်ဦးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၇ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးရဲမြင့် ပိုင်ဆိုင်သော ဆန်းနံ့သာစားသောက်ဆိုင်တစ်လုံး၊ ဦးမျိုးလွင် ပိုင်ဆိုင်သော ဆိုင်ကယ်အငှားဆိုင်တစ်လုံး၊ ဒေါ်နွယ်နွယ်ဝင်း ပိုင်ဆိုင်သော ပုဂံအမှတ်တရပစ္စည်းဆိုင်တစ်လုံး၊ ဦးရဲဝင်းထွန်း ပိုင်ဆိုင်သော ဝဲသား စပွန်း(ပုဂံ)စားသောက်ဆိုင်တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး မီးလောင်မှုကြောင့် အခြားလူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ ဦးရဲဝင်း ထွန်းအား ညောင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့်စိုက်ပျိုးသည့် နွေနှမ်းစိုက်ခင်းများ စတင်ရိတ်သိမ်း

**ပွင့်ဖြူ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများ မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးသည့် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးများရင့်မှည့်လာပြီဖြစ်၍ တောင်သူများ စတင်သိမ်းဆည်း(ရိတ်သိမ်း)နေကြပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဇီးတောကျေးရွာရှိ ဒေသခံတောင်သူများထံမှ သိရသည်။

ယခု ၂၀၂၀ - ၂၀၂၁ နွေနှမ်းသီးနှံစိုက်ပျိုးရာသီတွင် တောင်သူများ သီးနှံအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် နွေစပါးနှင့် နွေနှမ်းစိုက်ပျိုးနိုင်ရေးအတွက် ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆည်ရေများ ဖြန့်ဝေပေးရာတွင် ဆည်ရေဝင်ရောက်မှုနည်းပါးခဲ့သည့်အတွက် နွေစပါးစိုက်ပျိုးတောင်သူများအား ဖေဖော်ဝါရီ ၁၅ ရက်က စတင်ကာ မြောက်မုန်းမြောင်းမကြီးမှတစ်ဆင့် ဖြန့်ဝေပေးခဲ့ပြီး နွေနှမ်းစိုက်ပျိုးတောင်သူများကို ဧပြီ ၁ ရက်မှ စတင်ကာ တောင်မုန်းမြောင်းမကြီးမှတစ်ဆင့်စနစ်တကျ ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ စနစ်တကျဖြန့်ဝေဆောင်ရွက်ပေးခဲ့သဖြင့် တောင်သူများ စပါးနှင့် နှမ်းများစိုက်ပျိုးရာတွင် ဆည်ရေလုံလောက်စွာရရှိကာ သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယခုအခါ ဆည်ရေဖြင့်စိုက်ပျိုးခဲ့သည့် နွေနှမ်းစိုက်ခင်းများမှာ သီးနှံများ ရင့်မှည့်လာပြီဖြစ်သဖြင့် တောင်သူများက နွေနှမ်းစိုက်လယ်မြေများတွင် မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နေ့စားအလုပ်သမားများငှားရမ်း၍ စတင်သိမ်းဆည်း(ရိတ်သိမ်း)နေကြပြီဖြစ်သည်။



"ကျွန်တော်တို့ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူတွေဟာ နှစ်စဉ် မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး နွေ၊ မိုး၊ ဆောင်း သုံးရာသီသီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြတာဖြစ်ပါတယ်။ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီမှာတော့ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မဲဇလီရေလွှဲဆည်မှာ ရေဝင်နည်းပါးခဲ့သည့်အတွက် နွေစပါးနဲ့ နွေသီးနှံစိုက်ပျိုးတောင်သူတွေကို အလှည့်ကျစနစ်နဲ့ စိုက်ပျိုးရေပေးဝေတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေက စိုက်ပျိုးရေစနစ်တကျ ဖြန့်ဝေပေးခဲ့တဲ့အတွက် တောင်သူတွေ စိုက်ပျိုးထားတဲ့ နွေစပါးနဲ့ နွေနှမ်းစိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ အခုဆိုရင် နွေနှမ်းစိုက်ခင်းတွေဟာ အသီးတွေရင့်မှည့်လာပြီဖြစ်လို့ တောင်သူတွေက နွေနှမ်းစိုက်လယ်မြေတွေမှာ မိုးစပါး အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နေ့စားအလုပ်သမားတွေငှားရမ်းပြီး အပြိုင်အဆိုင် သိမ်းဆည်း(ရိတ်သိမ်း) နေကြပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာအများဆုံးစိုက်ပျိုးတာကတော့ စမုံနက်နှမ်းမျိုး ဖြစ်ပါတယ်။ အခုလက်ရှိ ဈေးနှုန်းကတော့ တစ်တင်းကို ငွေကျပ် ၅၀၀၀၀ ကျော်ဝန်းကျင် အရောင်းအဝယ်ဖြစ်နေပါတယ်။ သီးနှံအထွက်နှုန်းကတော့ တစ်ဧကကို အနည်းဆုံး ၁၀ တင်းမှ ၁၂ တင်းအထိ ထွက်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က နှမ်းဈေးနှုန်းကောင်းတော့ တောင်သူတွေ တွက်ခြေကိုက်ပေမယ့် အခုနှစ်မှာတော့ နှမ်းဈေးနှုန်းတွေကျဆင်းနေတဲ့အတွက် ဈေးကောင်းရရှိဖို့အတွက် တောင်သူတွေက မျှော်လင့်နေကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် ဇီးတောကျေးရွာမှ နွေနှမ်းစိုက်ပျိုးသည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

# ဘဲဥ ဥနှုန်းကောင်းမွန်ပြီး ဈေးကွက်ဝယ်လိုအားရှိနေသော်လည်း အစာဖိုးဈေးတက်နေ

**စလင်း ဇွန် ၂၇**

ပြည်တွင်းရှိ ဘဲမွေးမြူရေးလုပ်ငန်းများတွင် ဥစားဘဲမွေးမြူသူများ အနေဖြင့် ဘဲဥ ဥနှုန်းကောင်းမွန်ပြီး ဈေးကွက်ဝယ်လိုအားရှိနေသော်လည်း အစာဖိုးများဈေးတက်နေသည့်အတွက် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။



"အခုလက်ရှိမှာ ဘဲဥဈေးကွက်ကတော့ မဆိုးဘူး။ ဥစားဘဲမွေးမြူတာက နေ့စဉ်ဝင်ငွေရရှိစေတဲ့ လုပ်ငန်းတစ်ခုလည်း ဖြစ်တယ်။ ဘဲဥ ဥနှုန်းတွေကလည်း ကောင်းမွန်နေပါတယ်။ သို့သော် ဘဲအစာဈေးက မြင့်တက်နေတယ်။ အသင့်စားအစာတောင့်တွေကတော့ (ထုတ်လုပ်တဲ့နိုင်ငံ/ထုတ်လုပ်တဲ့ ကုမ္ပဏီ/တံဆိပ်) အများကြီးရှိနေတာပဲ။ ကိုယ်မွေးမြူတဲ့နေရာနဲ့ နီးစပ်ရာဝယ်လို့လွယ်တာကိုပဲ အဓိကထားသုံးကြတာပါ။ ဘဲစာက နေ့စဉ်ကျွေးရပါတယ်။ တစ်နေ့ ဘယ်နှကြိမ်ကျွေးပေးရမလဲဆိုတာကတော့ ကိုယ်ကျွေးတဲ့အစာ အမျိုးအစားပေါ်လည်း မူတည်ပါတယ်" ဟု မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်မှ ဘဲမွေးမြူရေးလုပ်ကိုင်သူ ကိုအောင်ကိုဦးက ပြောသည်။


ဘဲစာ ကျွေးမွေးရာတွင် အသင့်ကျွေးစာနှင့် ရောစပ်ကျွေးစာဟူ၍ နှစ်မျိုးရှိပြီး အသင့်ကျွေးစာကို ဝယ်ယူကျွေးမွေးပါက အစာဖိုးအားဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင် ကုန်ကျနိုင်ကြောင်း သိရသည်။

"ကျွန်တော်ကတော့ ရောစပ်စာပဲ ကျွေးပါတယ်။ ရောစပ်စာနဲ့ ကျွေးမွေးမယ်ဆိုရင် အစာဖိုးတစ်ပိဿာကို ငွေကျပ် ရှစ်ရာလောက်ပဲ ကုန်ကျပါတယ်။ အသင့်ကျွေးစာကတော့ ကုမ္ပဏီတွေက အစာဖြန့်အားပေါ်မူတည်ပြီး ဈေးနှုန်းလည်း ကွာကြတာများတယ်။ ကိုယ့်နိုင်ငံအနေနဲ့က ကုန်ကြမ်းအလွယ်တကူ ဝယ်ရနေတာပဲဆိုတော့ ရောစပ်စာ ကျွေးမွေးရတာ အဆင်ပြေပါတယ်။ အစာဝယ် အစာစပ်ရတာလေးပဲ အလုပ်ကရှိတာလေ။ ရာသီပေါ် မိမိဒေသထွက်ကုန်ကြမ်းကို ဈေးအသင့်အတင့်နဲ့ ရရင်တော့ ရောစပ်စာကျွေးတာက သင့်တော်တယ်။ ကုန်ကြမ်းဝယ်ရခက်ခဲပြီး ဈေးကြီးတဲ့အရပ်ဒေသက ဘဲမွေးမြူသူဆိုရင်တော့ အသင့်ကျွေးစာကို ကျွေးသင့်ပါတယ်။ တချို့ဒေသတွေက မလွယ်ကူကြဘူး။ လမ်းပန်းဆက်သွယ်ရေးတို့၊ ကုန်ကြမ်းမထွက်တာတို့ ရှိနိုင်တာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

ရောစပ်စာ ကျွေးမွေးရာတွင် ထည့်သွင်းရသည့် အစာကုန်ကြမ်းများမှာ ဆန်ကွဲ(ဖကွဲ)၊ ဖွဲနု၊ ပြောင်းစသည်တို့ဖြစ်ပြီး ရာသီပေါ်ကုန်ကြမ်းများကို ကုန်ကြမ်းဈေးအတက်အကျအလိုက် ချိန်ဆကျွေးမွေးသင့်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# ဝင်ငွေပုံမှန်ဖော်ဆောင်ပေးနေ၍ စိုက်ပျိုးသူတို့ အဆင်ပြေနေသော ဆူးပုပ်စိုက်ပျိုးရေး



**မင်းဘူး ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာမှ တောင်သူများသည် ဆူးပုပ်ပင်များ စိုက်ပျိုးခြင်းဖြင့် ပုံမှန်ဝင်ငွေရရှိနေသောကြောင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း ကျောက်တန်းကျေးရွာ ဆူးပုပ်စိုက်ပျိုးသူများထံမှ သိရသည်။

ဆူးပုပ်ပင်များ စိုက်ပျိုးရာတွင် ခုနစ်ရက်တစ်ခါ ရေသွင်းပေးရပြီး မြက်နုတ်ပေါင်းသင်ပြုလုပ်၍ မြေဩဇာကျွေးနိုင်ပါက သုံးရက်ခြား ခူးရောင်းရကာ ဆူးပုပ်တစ်ပိဿာ ငွေကျပ် ၃၅၀၀ ဈေး ရှိကြောင်းလည်း သိရသည်။ ဆူးပုပ်ပင်သည် အခြား မုန်လာ၊ မုန်ညင်း၊ နံနံစသော ဟင်းသီးဟင်းရွက်ပင်များကဲ့သို့ ထိကပ်၍စိုက်ရသော အပင်များမဟုတ်ဘဲ ကိုင်းတက်များ ဖြာထွက်ပြီး တစ်ပင်နှင့်တစ်ပင် ကိုင်းချင်းယှက်နေသောကြောင့် သုံးပေ၊ လေးပေခြား၍ စိုက်ပျိုးရသည်။

"ကျွန်တော်ကတော့ ဆူးပုပ်၊ ဘူး၊ မေမြို့ပန်းစတဲ့ တို့တို့တိတိလေးတွေ စိုက်ပျိုးထားတဲ့ တစ်လက်သမားဖြစ်လေတော့ ဆူးပုပ်ပင်တွေကို ပေါင်းမြက်တွေလည်း မရှင်းနိုင်ပါဘူး။ ပေါင်းမြက်တွေရှင်း ရေမှန်မှန်သွင်းပေးပြီး ဂရုစိုက်နိုင်ရင်တော့ သုံးရက်တစ်ခါလောက် ခူးရောင်းလို့ရတယ်။ အရောင်းလည်း သွက်တယ်။ တစ်ခြံလုံးဆို ၁၅ ပိဿာ ကျော်ကျော်လောက်ရတဲ့အပြင် ပုံမှန်ဝင်ငွေရတာဆိုတော့ ကျွန်တော်တို့ တောင်သူတွေအနေနဲ့ အဆင်ပြေတာပါ" ဟု ကျောက်တန်းကျေးရွာမှ ဆူးပုပ်စိုက်ပျိုးသူကိုချစ်ထွေးက ပြောသည်။ **ဇေယျာထက် (မင်းဘူး)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးဝေလင်း ၁၂/အစန(နိုင်) ၁၈၇၈၂၄ 2/E, CDC 65026 ၏ DMA မှ ထုတ်ပေးထားသော MEO EXAMINATION RESULT SHEET မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၃၀၇၃၁၀

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/57593, Honda Wave -110, ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၇)ရပ်ကွက်၊ ရွှေဂုဏ်သီရိလမ်း၊ မြေကွက်အမှတ်(၄၈၅)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးသိန်းထွန်း(၁၂/ဥကတ(နိုင်) ၀၅၂၈၅၁) အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက်အနက်မှ (ပဏ္ဍိတလမ်းဘက်ခြမ်း) အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိသူ ဦးရန်နိုင်ဖြိုး(၁၂/အစန (နိုင်) ၀၀၅၉၉၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L, | LL.B,D.B.L,D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |

Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ နဝဒေးရပ်ကွက်၊ အကွက်အမှတ်(၄၀၄A)၊ စစ်မှုထမ်းဟောင်း၊ ဦးပိုင်အမှတ်(၄)မှ မြေ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်သည် မူလတွင် ဦးရဲကိုထိုက် အမည်ဖြင့် နှစ်(၂၀)မြေငှားဂရန် ရရှိထားပြီး ဦးရဲကိုထိုက်၏ ကိုယ်စားလှယ်ရရှိသူ ဒေါ်နီလာခိုင်မှ (၃၀-၆-၂၀၂၀)ရက်တွင် အဆိုပါမြေကွက်ကို ဦးကာလစ်ခန့်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၈၂/၂၀၂၀)ဖြင့် စာချုပ်ချုပ်ဆို၍ လွှဲပြောင်းရောင်း ချပြီးဖြစ်သောကြောင့် မြေကွက်ဝယ်ယူသူ ဦးကာလစ်ခန့် အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ခွင့်ပြုချ ထားပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ နဝဒေးရပ်ကွက်၊ အကွက်အမှတ်(၄၀၄A)၊ စစ်မှုထမ်းဟောင်း၊ ဦးပိုင်အမှတ်(၅+၅က)မှ မြေ ဧရိယာ ၀ ဒသမ ၂၃၇ ဧကရှိမြေကွက်သည် မူလတွင် ဦးရဲသန်းထိုက် အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားပြီး ဦးရဲသန်းထိုက်၏ ကိုယ်စားလှယ်ရရှိသူ ဒေါ်နီလာခိုင်မှ (၃၀-၆-၂၀၂၀)ရက်တွင် အဆိုပါမြေကွက်ကို ဒေါ်ခိုင်မာလွင်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၈၃/၂၀၂၀)ဖြင့် စာချုပ်ချုပ်ဆို၍ လွှဲပြောင်းရောင်းချပြီးဖြစ်သောကြောင့် မြေကွက်ဝယ်ယူသူ ဒေါ်ခိုင်မာလွင်အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက် အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်ရန်မရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသည် ဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သော အဆောက်အဦများ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါ အဆိုပြုလွှာ တင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၂၈-၆-၂၀၂၁ရက်မှ စတင်၍ သက်ဆိုင်ရာဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် လာ ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံ တင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းအုပ်စုအလိုက် ဈေးနှုန်းအဆိုပြုလွှာများအား ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း(ဆုတောင်းပြည့် ကျောင်းတိုက်အနီး)ရှိ ဒက္ခိဏခရိုင်မီးသတ်စခန်းတွင် ၅-၇-၂၀၂၁ရက် နံနက် ၁၀ နာရီမှ ညန ၄နာရီအထိ တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်း မပြုပါ။)

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| (က) ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၇၈၈၊ ၀၆၇-၃၄၁၂၄၆၆ |
| (ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ |
| (ဂ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (ဃ) အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆ |

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန် အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

## မုတ်သုံလေအားနည်းနေ

**နေပြည်တော် ဇွန် ၂၇-** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ မိုး/ဇလ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ


၁။ မိမိအိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအားပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင်ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



# ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ် ၂၆၆/၂၀၂၁
၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက် လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖



အီတလီအသင်းမှ လူစားဝင်ကစားသမား ချီယေဆာ ဩစတြီးယားအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းနေမှုကို တွေ့ရစဉ်။

## အချိန်ပိုသွင်းဂိုးများနှင့်အတူ ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည့် အီတလီ

ယူရို ၂၀၂၀ ပြိုင်ပွဲ ၁၆ သင်းအဆင့် ပွဲစဉ်အဖြစ် အီတလီအသင်းနှင့် ဩစတြီးယားအသင်းတို့ပွဲစဉ်ကို ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက အချိန်ပိုတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ယူရို ၂၀၂၀ ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

အီတလီအသင်းသည် ယနေ့ပွဲစဉ်၌ အုပ်စုတွင်း နောက်ဆုံးပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် ကစားသမားစာရင်းကို အများအပြားအပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ဒွန်နာရမ်မာ၊ လော်ရန်ဇို၊ ဘိုနူချီ၊ ဘာရယ်လာ၊ ဂျော်ဂျင်ဟို၊ ဗာရက်တီ၊ ဘာရာဒီ၊ အင်မိုဘီလီ၊ အင်ဆစ်ဂ်နီစသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ပြိုင်ဘက် ဩစတြီးယားအသင်းက အုပ်စုတွင်းနောက်ဆုံးပွဲတွင် အနိုင်ရရှိခဲ့သည့် ကစားသမားစာရင်းကို အပြောင်းအလဲပြုလုပ်ထားခြင်းမရှိဘဲ အလာဘာ၊ ဒရာဂိုဗစ်၊ လိုင်နာ၊ ဆာဘစ်ဆာ၊ လိုင်မာ၊ အနာယူ တိုဗစ်စသည့် အဓိက ကစားသမားများဖြင့် အီတလီအသင်းကို ရင်ဆိုင်လာခဲ့သည်။

နောက်တစ်ဆင့် တက်ရောက်နိုင်ရေးအတွက် အကောင်းဆုံး ပြင်ဆင်လာသည့် အသင်းနှစ်သင်းဖြစ်သောကြောင့် အကြိတ်အနယ် ကစားခဲ့ရသည်။ ပွဲချိန် ၆၅ မိနစ်တွင် ဩစတြီးယားအသင်းမှ အနာယူတိုဗစ် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ထို့နောက်ပိုင်း အီတလီနည်းပြ မန်စီနီသည် ကစားကွက်အပြောင်းအလဲအဖြစ် *စာမျက်နှာ ၁၂ ကော်လံ ၅* ✻

## COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၈၀၄ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ခုနစ်ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၂၉၇ ဦးရှိ

(၂၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၆-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၆၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၈၀၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၇၁၁,၅၈၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၅၃,၁၆၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၆၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၅,၄၁၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၉၇) ဦး ရှိပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ❒



ခြင်ကျားအန္တရာယ် ဝိုင်းဝန်းကာကွယ်

စာ » ၁၀

ကိုဗစ်- ၁၉ ကန့်သတ်စောင့်ကြည့်မှုတွေကို ပိုပြီးလုပ်ဆောင်တော့မယ့် အင်ဒိုနီးရှား

စာ » ၁၄



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

စာ » ၂၀

